၄။ သားရှေးတာင်၊ မောင်ငယ်လူမျို့၊ မယ်.ပန်းညိုသည်း၊ အိမ်ကိုမမင်၊ မပျော်ရှင်နှင့်၊ မိခင်မေတ္တာ၊ ဆုံးမပါလျက်၊ မခံရက်သော်၊ လူပျက်လူချော်၊ လူသရော်နှင့်၊ ပေါင်းဖော်ယှဉ်တာပ်၊ ပျက်ချေတတ်၏။ သားမြတ်ရှေငုံ၊ ပမာပုံကို၊ ယူတုံယှဉ်သော၊ မယ်မင်းပြောအံ့၊ မစ္ဆာပုပ်ဟောင်၊ ငါးသေကောင်ကို၊ ပညောင်ရက်မှာ၊ ထုတ်ပိုးပါလည်း၊ ငါးသာမပုပ်၊ ညောင်ရက်အုပ်မှာ၊ ပုပ်လေသည်သာ၊ ဥပမာသို့၊ ရှေဝါသက်ပေး၊ မယ်.ရင်သွေးလည်း၊ ဝေးဝေးလျင်စွာ၊ လူသုံးဖြာကို၊ ကောင်းစွာကြဉ်ဖ၊ အယူစွဲ၍၊ ဝမ်းထဲယုံ.ယုံ.၊ ယုန်လျင်ကျို.သို့၊ ဆိုတုံမဝံ့၊ စောင်မာန်ညှံလျက်၊ ကြောက်ရှံခိုသေ၊ မိမအေကို၊ ရိုသေခြင်္ဂတ်၊ ဟုတ်ပေတာ်၏၊ သတ်မှတ်ပလေ၊ မအေမိခင်၊ သွန်သင်လိမ္မာ၊ ဘတ်ကြောင်းရှာ၍၊ ဆရာမြတ်ထံ၊ အပ်ထားနှံသည်၊ သက်နှံရှေတောင် အမယ်.မောင်။

www.dhammadownload.com

၅။ သားရှေးတောင်၊ မောင်ငယ်ရဲလုံး၊ မဲဆံထုံးမှာ၊ ပန်းကုံးပမာ၊ မယ်ဆင်ပါလျက်၊ ကောင်းရာမြောက်မြင်၊ ကောင်းစေချင်၍၊ ဆောင်းတင်စေခြား၊ ထံပါးဆရာ၊ နေသောခါဝယ်၊ ရှေသာလျှံဝင်း၊ ပုံမယွင်းသို့၊ မောင်မင်းလူနှု၊ သားမျက်ရှု၏၊ တန္တုပုံကို၊ အမည်ဆိုအံ့၊ အပျိုအရွယ်၊ ကြီးငယ်မဟူ၊ ကောင်းပါမူကား၊ ကြည်ဖြူခန့်ညား၊ လှုိင်းဝပ်တွား၍၊ ရှေသားဝမ်းတွင်း၊ နှလုံးသွင်းလော့၊ မယ်မင်းပြုပြင်၊ အကုန်ဆင်၍၊ ရှေ့ဝင်သက်နှုံ၊ သားမင်းစံကို၊ ကျမ်းဂန်လိမ္မာ၊ တတ်စိမ့်ဉာဟု၊ ဆရာမြတ်ထံ၊ အပ်ထားနှုံသည်၊ သက်နှုံရှေတောင် အမယ်မောင်။

၆။ သားရှေဘောင်၊ မောင်ငယ်ခန်းဖူး၊ ရှေလိုဉီး၍၊ ပုံပျူးသာယာ၊ ငယ်သေးစွာက၊ တတ်ပါစေချ၊ မြင့်ပါစေလို၊ ဆိုတိုင်းယှဉ်၍၊ ကြံသင်ရေးရာ၊ အဖြာဖြာကို၊ ဆရာမြတ်ထံ၊ ဆုံးမခံ၍၊ သက်နှုံထုံသင်း၊ သားမောင်မင်းကို၊ မယ်မင်းသွန်သင်၊ ဘယက်သွင်သို့၊ အိမ်တွင်မထာ။ မပျော်ပါးနှင့်၊ လူလားမြောက်ခါ၊ မနေပါတည့်၊ သင်သာခိုက်တွင်၊ အရိုက်အပုတ်၊ အတုတ်အနှောင်၊ ကျောင်းရှေဆောင်သို့၊ မယ်မောင်ကြိုးစား၊ နှလုံးထားလော့၊ ထွက်ဖျားဆရာ၊ ပညာသင်ကြောင်း၊ ရိုက်ပုတ်မောင်း၍၊ ရှေးကျောင်းတော်မှာ၊ သည်ဆရာ၏၊ ပညာအသိ၊ ဖြစ်ဘိစေချင်၊ ဘမိခင်နှင့်၊ တူပင်အပ်နှုံ၊ သားရှေရုံကို၊ သင်အံမည်ကြောင်း၊ တဖျောင်းဖျဖျ၊ ဆိုမြွက်ဟသည်၊ ကြွကြွလွှမ်းပါ၊ ချစ်လှစွာ၍၊ ဆရာမြတ်ထံ၊ အပ်ထားနှုံသည်၊ သက်နှုံရှေတောင် အမယ်မောင်။

၇။ သားရှေတောင်၊ မောင်ငယ်နုနယ်၊ ပုလဲသွယ်သို့၊ အမယ်မွေးမိ၊ တတ်သိစေလို၊ ပြည့်နှန်ဆိုကဲ့၊ လူလိုသင်ထား၊ ငှက်ကျေးသာမှ၊ သင်ကြားနားမှာ၊ လူ့ဘာသာဖြင့်၊ ဗုဒ္ဓါမိန့်မှာ၊ ဒဿတို့

www.dhammadownload.com

သာကို၊ ဝမ်းမှာပြည့်လျှမ်း၊ ရွှတ်စိုးဖြန့်၍၊ နွေချမ်းညှာလျှင်၊ တောင်လက်သင်၍၊ မုခ်ဝင်ခေါင်းစွန်း၊ လေသာနှုန်း၌၊ ဖြန့်သန်းလူးလာ၊ နေသည့်ခါမှ၊ လဟာမိုးပြင်၊ ထက်ကောင်းကင်တာ၊ စွန်လျှင်သုတ်ထွေး၊ ပါရုလေသော်၊ သံချေညံညံ၊ ဘဝက်လျှံမျှ၊ ရွှတ်အံသန်းလန်း၊ ကမ္ဘာန်းကို၊ မပန်းမပင်၊ သူ့ဂုဏ်အင်ကြောင့်၊ စွန်လျှင်မခန၊ လှတ်လိုက်ပေ၏။ အရှေ့မကြာ၊ ထိုအနာကြောင့်၊ နံစွာဝတာ၊ မရဏာဖြင့်၊ ပြောင်းကြွနတ်ထံ၊ ကျေးသာစံသို့၊ သက်နှုံလူပျို၊ သားပန်းညိုလည်း၊ လူလူဆုရာ၊ တတ်ပညာကို၊ ဝမ်းမှာသွတ်ကြောင်း၊ အမယ်မောင်းချဲ့၊ ရှေ့ကျောင်းဝိဟာ၊ တတ်ပညာကြောင့်၊ မြတ်ဆရာထံ၊ အပ်ထားနှံသည်၊ သက်နှံရှေးတောင် အမယ်မောင်။

၇။ သားရှေးတောင်၊ မောင်ငယ်ရင်သား၊ မိစတားကို၊ ရှေးနားချိုချို၊ အမယ်ဆိုအံ့၊ ပုံကိုနားထောင်၊ ဤလူ့ဘောင်တွင်၊ မိုက်ခေါင်အတိ၊ မိုက်လှဘိသည်၊ ဒိဋ္ဌိယူမှား၊ မြွေသမားလည်း သုံးပါးရတန၊ မြတ်ဓမ္မကို၊ နားမှမဝင်၊ ပိတ်သောသွင်သို့၊ မမြင်မျက်ကန်း၊ မောဟလွှမ်း၍၊ လူစွမ်းဘာသာ၊ အရှာရှာသို့၊ မြွေရှာသွားချင်၊ တည်းလေဝင်သော်၊ ရှာတွင် အများ၊ ယောကျ်ားမိန်းမ၊ နွေညမကွာ၊ သရဏဂုံ၊ မြတ်သုံးစုံကို၊ ကြည်ယုံဆောက်တည်၊ မြည်ကြသည်ကို၊ နားလည်းမဝင်၊ မြွေသခင်လည်း၊ ပြီးချင်ဘွယ်သာ၊ တစာစာနှင့်၊ သည်ရှာတွင်ပင်၊ မနေချင်ဟူ၊ မြွေလျှင်ဖမ်းမည်၊ သွားလေသည်ကို၊ တောလည်သို့ရောက်၊ ထူးပေါက်တွင်း၌၊ မြွေဟောက်ငန်းဟန်၊ ပြီးစွာဖန်၍၊ သဏ္ဌာန်မယွင်း၊ နဂါးမင်းကို၊ အလျင်းမနေ၊ ဖန်းရှာခဲ့ဟု၊ ပျက်ထွေအမျက်၊ ချောင်းချောင်းထွက်မျှ၊ လိုက်လေထလျှင်၊ ကြောက်အင်ကြီးစွာ၊

www.dhammadownload.com

သေအံ့ဉာဟူ၊ ပြေးရှာပင်ပန်း၊ အစ္ဓမ်းဂုဏ်က၊ ကိုယ်ပင်မယုံ၊ အာသည်းတုန်မျှ၊ ထိုရွာကလျင် ကြားရစဆား၊ သုံးပါးရတနာ၊ မြတ်ဂါထာကို၊ ပြေးကာ ယောင်ယမ်း၊ အမှန်းမသိ၊ ရွတ်မိကာ ကာ၊ ဂုဏ်တေဇာကြောင့်၊ ကြားကာဝမ်းတွင်း၊ နဂါးမင်းလည်း၊ ချက်ခြင်းယူလေ၊ မသင့်ချေဟု၊ ငိုသေမတတ်၊ အာသဂ်လွတ်၍၊ ကြည်ညှတ်လှတင့်၊ ပန်းနှစ်ပွင့်ကို၊ ချီးမြှင့်ပူဇော်၊ မြတ်ဂုဏ်တော် ကြောင့်၊ မိုက်ဘော်မဝင်၊ ဖြစ်သောသင့်သို့၊ သင်ကြုံရုံး၊ သားရွှေတုံးကို၊ မြတ်ဆုံးအာချေ၊ ရတနာကို၊ ထိပ်မှာပန်းဟန်၊ ပန်ပါစေကြောင်း၊ အမယ်မောင်း၍၊ ရွှေကျောင်းဝိဟာ၊ တတ်ပညာကြောင့်၊ မြတ်ဆရာထံ၊ အင်ထားနှံသည်၊ သက်နှံရွှေတောင် အမယ်မောင်။

သားရွှေတောင် ဆုံးမခက်း ပြီး၏။

www.dhammadownload.com

၁၄-သားရွှေခဲ့ ဆုံးမခန်း

[နဂါးရုံကျောင်း ကိုရင်ကြီး ရေးသည်]

၁။ မွေးမိသခင်၊ ဆွတ်ဆွတ်တင်၍၊ လည်တွင်ဆွဲခ၍၊ မကွာခြစ်သည်၊ ရင်နှစ်ပုလဲ သားရွှေခဲ့။

၂။ သားရွှေခဲ့၊ ရဲရဲလျှံတောက်၊ ရွှေပင်ပေါက်ဦး၊ တယောက်ဟူရာ၊ ဖြစ်စကလျှင်၊ မောင့်ဘဝါဦး၊ စိတ်ညှိတိုင်ပင်၊ သားရွှေစင်ကို၊ ဂုဏ်အင်ကျွေးငှူး၊ သူတထူးတက်၊ တောင်ဦးမြင့်မိုရ်၊ ဖြစ်စေလိုလျှင်၊ အပျိုအရွယ်၊ သင့်ရုံရွယ်က၊ မွေးမယ်လက်တည်း၊ ခမည်းလက်ငင်း၊ ဆွတ်ဆွဲက်ကြင်လျှင်၊ ပေဒင်လေးထပ်၊ ပိဋကတ်သုံးပုံ၊ အလုံးစုံကို၊ အာဂုံဆောင်ရွက်၊ လွန်လေ့ကျက်သား၊ ထက်မြက်ပညာ၊ မြတ်ဆရာဝယ်၊ ကောင်းစွာကြပ်ကြပ်၊ မယ်မင်းအပ်သည်၊ သေသပ်အမြဲသားရွှေခဲ့။

၃။ သားရွှေခဲ့၊ တဝဲလဲလ၊ မိကိုတလျှိ၊ သားလှရွှေကြား၊ မနေပါနှင့်၊ ဆရာကောင်းထံ၊ ဆုံးမခံ၍၊ ကျိုးနွံဝပ်တွား၊ ရှောင်ပါးနှင့်၊ သွားလည်း သာယာ၊ လာလည်း ဖြည်းဖြည်း၊ ရောင်လှည်းသို့၊ ခမည်းမောင်မင်း၊ နှလုံးသွင်းလော့၊ မပျင်းထကြွ၊ စိရိယဖြင့်၊ နွေညနံနက်၊ ဇော်တံမြက်နှင့်၊ သန့်သက်ရေမိုး၊ သုံးအိုးညရေ၊ ထင်းခွေမီးယူ၊ ဒန်ပူတခြောင်း၊ တကောင်းနှစ်ခု၊ လုံလုပြုလော့၊ လေးခုသရက်၊ လေးခုကြက်နှင့်၊ လေးချက်အိုးမျိုး၊ ဤဆိုရုံးလည်း၊ မောင်မျိုးဝမ်းတွင်း၊ နှလုံးသွင်းလော့၊ ကောင်းခြင်းစုံအင်၊ ဖြစ်စေချင်သည်၊ ရွှေငင်ပုလဲ သားရွှေခဲ့။

၄။ သားရွှေခဲ့၊ ပန်းဘဲညပ်တူ၊ ပမာယူလျက်၊ အပူအချမ်း၊ အကြမ်းအနု၊ မောင်မင်းပြုလော့၊ တန္တုပုံကို၊ မိခင်ဆိုအံ့၊ နဂိုရှ

www.dhammadownload.com

သခင်၊ ရွှေအိမ်ချင်ကို၊ ဝန်းကျင်လူများ၊ လွန်ခန့်ညားသို့၊ ဝပ်တွားကျိုးနွံ၊ လွန်ကြောက်ခြံလေ့၊ ခြွေရံဆွေမျိုး၊ စည်းဝိမ်းကိုးချီ၊ မလျှိုးမယျပ်၊ မပြုအပ်တည့်၊ ထောင်တပ်ဖားထူး၊ သွားလည်းနောက်ပါ၊ လာလည်းကြိုဆို၊ ဆိုလည်းကွက်၊ မျက်နှာချင်၊ မင်းခအာသင်၊ ဖြစ်စေချင်သည်၊ ရွှေစင်ပုလဲ သားရွှေခဲ့။

၅။ သားရွှေခဲ့၊ သားရဲထူထပ်၊ ချောက်မြောင်ကျပ်ဝယ်၊ လျှပ်လျှပ်ပေါပေါ၊ လော်လော်လည်လည်၊ မျောက်မယဉ်သို့၊ နေဘည်မကျ၊ တကြွကြွနှင့်၊ သားလှုကျောင်းမှာ၊ မပြုပါနှင့်၊ သမ္မအယူ၊ သဒ္ဓါဖြူသျှက်၊ ကန့်ကူပေဖြုန်း၊ ကညစ်တုံးမျ၊ ကုန်းကုန်းကုတ်ကုတ်၊ ကြိုးအားထုတ်ပ၊ ဆရာ့ထံ၌၊ ပုရပိုက်ထန်းရွက်၊ တချက်ချက်နှင့်၊ ရေးကျက်သင်အံ၊ ကုံသည်း ကုံးလာ့၊ ခြိုးခြံသဖြင့်၊ သမ္ဘာရင့်၍၊ သူနှင့်အတူ၊ လူနှင့်အမျှ၊ စာပေကျွမ်း၊ ပုဗ္ဗာရ၊ သိပါမှလျှင်၊ မိဘဘိုးဘွား၊ ငါတို့အားလည်း၊ တရားကျမ်းဝယ်၊ အသွယ်သွယ်ကို၊ အကျယ်ယူငင်၊ ဟောစေချင်သည်၊ ရွှေစင်ပုလဲ သားရွှေခဲ့။

၆။ သားရွှေခဲ့၊ ရဲရဲဝံ့ဝံ့၊ ဆိုခွင့်ဆိုရာ၊ စကားမှာသည်း၊ သကာအလား၊ ပျားသို့လည်းချို၊ ချစ်ဘွယ်ဆိုလော့၊ ပဋိဂ္ဂါလိသဃ်ာ၊ အရိယာအား၊ စကားနှင့်နှင့်၊ မဆိုသင့်ဘူး၊ ဆူးနှင့်ဖက်သွင်၊ လူနှင့်ရှင်တား၊ ဆူးတွင်ဖက်ကျ၊ ဆူးကျဖက်ပေါက်၊ အပြစ်ဆောက်၏။ ပဲနောက်ဟင်းလား၊ စကားများလည်း၊ လူကြားလူပေါ်၊ လူသရော်ဟု၊ သူတော်အများ၊ မသနားတည့်၊ မြားသို့ဖြောင့်ဖြောင့်၊ စောင်းနှယ်ညီညွတ်၊ ပွတ်နှင့်ချောစွာ၊ ချိန်ခွင်လျှာသို့၊ ပမာပုံလျှင်၊ ဖြစ်စေချင်သည်၊ ရွှေစင်ပုလဲ သားရွှေခဲ့။

www.dhammadownload.com

၇။ သားရွေခဲ၊ စွန့်ကြဲစိုက်မျိုး၊ ရွေးကောင်းကျိုးကြောင့်၊ မည်သိုးမလျှ၊ ဤဘဝဝယ်၊ လောကဥစ္စာ၊ ရှိတုံပါလည်း၊ ပညာစက်သျှင်၊ အမြင်အမြော်၊ နည်းချေသော်ကား၊ ဖော်ဖော်ရွေရွေ၊ သူ့ရှေ့နေ၍၊ သက်ဆေပုံခိုင်၊ မသိနိုင်တည့်၊ ဆုယ်ပြိုင်တာကွ၊ ဆိုသမျှလည်း၊ အ,သည့်သူသွင်၊ မျက်မမြင်သို့ ဆိုချင်မအား၊ ဆိုတိုင်းမှား၏၊ များသည့်ပညာ၊ သူတို့မှာထား၊ အခါကာလ၊ ဒေသသင့်၍၊ ဆိုခွင့်တွေ့က၊ ခြင်္သေ့သဘွယ်၊ ပြုံးရယ်ကားရှေး၊ မိန့်ရေးနောက်ဆုတ်၊ ဆိုတိုင်းဟုတ်လျက်၊ မချုတ်မချ၊ ချီးမွမ်းရ၏၊ သားလှရွေလှော်၊ မယ်တော်ကသိုဏ်း၊ မိဆိုတိုင်းကို၊ ထုံးပိုင်းမယွင်း၊ နှလုံးသွင်း၍၊ တောင်းခြင်းစုံအင့်၊ ဖြစ်စေချင်သည်၊ ရွေစင်ပုလဲ သားရွေခဲ့။

၈။ သားရွေခဲ့၊ မိုက်မဲသုတ်မာ၊ လူမိစ္ဆာတို့၊ ဥစ္စာစပါး၊ ရှိပါငြားသည်း၊ ထွေပြားမှုယာ၊ ဖြစ်လတ်ပါသော်၊ မူးမော်တွေတွေ့၊ ဗျာပါဝေလျက်၊ မနေမသာ၊ ညှိုးမျက်နှာနှင့်၊ ပညာရှိပါး၊ ဆည်းကပ်သွား၍၊ စကားတိုးဘိုး၊ ဥစ္စာဘိုး၍၊ ရှိခိုးပန်ထွာ၊ ခစားရာ၏၊ ပညာရှိမူ၊ ခြင်္သေ့တူလျှင်၊ မယူကြေးငွေ၊ သူ့ရှေ့နေ၍၊ ပြေပြေပြစ်ပြစ်၊ အဆစ်ဆစ်ကို၊ အမြစ်တူးဖို့၊ သူဘို့ဆို၏၊ ဤသို့နည်းယူ၊ မကျင့်သူသည်၊ သုံးဆူပိဋကတ်၊ လေးထပ်ပေဒင်၊ ဘင်အောင်သင်၍၊ ဒုရင်ထိပ်ခေါင်၊ မှန်ကင်းထောင်သို့၊ ပြောင်ပြောင်ညီးညီး၊ ဉာဏ်ဆီမီးဖြင့်၊ အကြီးအငယ်၊ အရွယ်အလတ်၊ ယုတ်မြတ်ထွေပြား၊ မျိုးလေးပါး၏၊ တရားသဘင်၊ ဖြစ်စေချင်သည်၊ ရွေစင်ပုလဲ သားရွေခဲ့၊

၉။ သားရွေခဲ့၊ မဲမဲမောင်းမောင်း၊ မျက်တော်ချောင်းချ၊ ထန်းစောင်းလျှော်သား၊ တံမြက်ဝါးနှင့်၊ လက်ဖျားကိုင်ယူ၊ ရိုက်

www.dhammadownload.com

တော်မူလည်း၊ ဆံမြှုခြုံးမျှ၊ စိတ်မခွန့်၊ မိဘဆရာ၊ ဓမ္မတာမပြား၊ ကျိသုံးပါးတား၊ မုန်းထား ပါဖြူ၊ ချစ်မူအာထဲ၊ ဦးရေမြဲဟူ၊ ပုံစံယူလေ၊ စိတ်ကိုပြုလော့၊ တထေ့ပုံနှော၊ မယ်မဲ့းပြောအံ့၊ ကျောကျောရင်သွေး၊ ငါတို့မွေးသည်၊ ခွေးငယ်ကိုမူ၊ လှန်ကန်ယူ၍၊ ဘလူနှိပ်စက်၊ ရိုက်ပုတ်လျက်တည့်၊ တက်တက်ခေါထ၊ ထိုဓာဉ်၌၊ မြီးပွတ်လုပ်လုပ်၊ နားရွက်ကုပ်၍၊ စုတ်ဇုတ်ချဉ်းလေ၊ စိတ်ကိုဖြေသူး၊ ပုံးသခွေးသွင်၊ ဖြစ်စေချင်သည်၊ ရွှေစင်ပုလဲသားရွှေခဲ့။

၁၀။ သားရွှေခဲ့၊ နက်နဲပုစ္ဆာ၊ ပြဿနာကို၊ ပညာတံဝိ၊ ဖြေနိုင်ဘိသည်၊ ငကွေးတွင်ခေါ်၊ ဆရာကျော်၏။ ထံတော်ခယ၊ ဦးတုပ်ကွလျက်၊ ပါဒုစက်အောက်၊ ရွှေတော်မှောက်ဝယ်၊ စောင့်ရှောက်လုပ်ကျွေး၊ တကွေးကွေးလျှင်၊ အဝေးမကြာ၊ သင်ဖြူးဖျာနှင့်၊ အိပ်ရာခေါင်းအုံး၊ စံသုံးသောက်ရေ၊ အထွေထွေကို၊ သက်ဝေသားလှ၊ မဆိုရအောင်၊ သတိဆောင်၍၊ ပူးလောင်ကာလ၊ ဂိမ္ဗန္ဓာလျှင်၊ ဆောင်းလချမ်းအေး။ မြောက်လေသွေးလည်း၊ အဝေးမကွာ၊ ထံတော်မှာလျှင်၊ သဒ္ဒါကြည်နူး၊ မီးမယ်ဖြူးနှင့်၊ သားဦးမောင်ပု၊ နွေတိုင်းပြုလော့၊ ဗဟုကိစ္စ၊ ရှိသမျှကို၊ ထကြွသိမ်းမြန်း၊ သင်္ဂန်းခေါက်လိပ်၊ သပိတ်သိမ်းယူ၊ ရေပူရေအေး၊ လုပ်ကျွေးမပြင်း၊ နှလုံးသွင်းလော့၊ ကောင်းခြင်းစုံလင်၊ ဖြစ်စေချင်သည်၊ ရွှေစင်ပုလဲ သားရွှေခဲ့။

၁၁။ သားရွှေခဲ့၊ ခပဲမျှားငှာ၊ လူမိုစွဲတို့၊ ဥစ္စာရွှေငွေ၊ ဆန်ရေစပါး၊ ပတ္တမြားသန္တာ၊ နီလာဇောသ၊ ဝေဘူလတွင်း၊ ကျောက်မြထင်ရှား၊ ဥစ္စာမျှားလည်း၊ တပါးဘဝ၊ အနိစ္စဖြင့်၊ ပြောင်းကြွသောခါ၊ မပါကိုယ်ထီး၊ ချည်းနှီးသက်သက်၊ ကျိုးဆက်မထင်၊ ရှိသည်ပင်တည်း၊ ရွှေစင်သားလှ၊ သုံးမြှုဘ၏၊ ဓမ္မကျမ်းလာ၊

www.dhammadownload.com

အဖြာဖြာကို၊ သဒ္ဓါချီးမြှင့်၊ ယခုကျွင်းမှ၊ နှောက်ဆင့်နောင်တော်၊ ရွှေနှုတ်တောတာ၊ သုံးဖော်လူဘာ၊ မိန့်ခွေတလျှင်၊ သားလှရွှေစင်၊ နိဗ္ဗာန်မြင်၍၊ မသင်မကြား၊ သဘောအားဖြင့်၊ တရားသုံးပုံ၊ တတ်လေကုန်သော်၊ ကြိုက်ကြုံပါလို၊ ငါတို့ကိုလည်း၊ မဂ်ဖိုလ်တရား၊ မောင်ဟောကြား၍၊ တရားမဂ္ဂင်၊ ရပါချင်သည်၊ ရွှေစင်ပုလဲ သားရွှေခဲ့။

၁၂။ သားရွှေခဲ့၊ မိတဲ့(တေး)သုံးလူ၊ သဗ္ဗညုသည်၊ လေးခုသစ္စား၊ သမ္ဘိဒါနှင့်၊ အသားဓာရဏ၊ ဓမ္မခြောက်ခန်း၊ ဗောဓိနန်းဝယ်၊ ရွှန်းရွှန်းရှိန်စေ၍၊ ပွင့်ခါသော်လည်း၊ မယ်တော်မျက်ရှူး၊ ဤယခုက၊ သူတို့ကျိုးလို၊ ကိုယ်ဘို့ပြုစု၊ ဤကောင်းမှုကြောင့်၊ သုံးလူသခင်၊ ဉာဏ်တော်မြင်၍၊ လူလျင်လာလှည့်၊ ငါ့တပည့်ဟု၊ ရွှေမြည့်နှိုင်းလျော်၊ ရွှေနှုတ်တော်တာ၊ သုံးဖော်လူဘ၊ မိန့်လေတလျှင်၊ သားလှရွှေစင်၊ နိဗ္ဗာန်မြင်၍၊ မသင်မကြား၊ ပညာအားဖြင့်၊ တရားသုံးပုံ၊ တတ်လေကုန်သော်၊ ကြိုက်ကြုံပါလို၊ ငါတို့ကိုလည်း၊ မဂ်ဖိုလ်တရား၊ မောင်ဟောကြား၍၊ တရားမဂ္ဂင်၊ ရပါချင်သည်၊ ရွှေစင်ပုလဲ သားရွှေခဲ့။

၁၃။ သားယာအေးချို၊ ကဗျာဆို၍၊ နာလိုနားဝယ်၊ ဆင်သဘွယ်လျှင်၊ ဝင်လွယ်စေကြောင်း၊ ဆရာကောင်းတို့၊ သံပျောင်းမာတာ၊ ပမာဆိုကုန်၊ မိဆိုဟန်ကို၊ ငလျှာတန်သဖြင့်၊ နားနှင့်သင့်အောင်၊ ယူဆောင်ဓိပ္ပာယ်၊ အသွယ်သွယ်ဖြင့်၊ လူငယ်နောက်သား၊ သင်ကြားကျွင်းရာ၊ ဤစာပုလဲ၊ သားရွှေခဲ့ခေါ်၊ ဆာဗျာသော်ကား၊ သင့်လျော်ရုံသာ၊ ရေးဆွဲရှိတိုင်း၊ တူမနှိုင်းသည်၊ ရှိတိုင်း ဤတွင် ပြီး၏ဘည်း။

သားရွှေခဲ့ ဆုံးမဓာတ်း ပြီး၏။

www.dhammadownload.com

၁၅-တွင်းသင်းမင်းကြီး မဟာဇနည်သူ

[ကြောက်ကြီး ၉-လုံး ဆုံးမစာ]

(၁) မျက်ကွယ်မျက်မြင်၊ မဆင်ခြင်၊ လူရှင်သိမည်ကြောက်။
(၂) မေတ္တာကုန်ခမ်း၊ စိတ်မချမ်း၊ ညှိုးနှမ်းမည်ကိုခကြောက်။
(၃) ကိုယ်နှင့်မတန်၊ စကားလွန်၊ မင်းဒဏ်သင့်မည်ကြောက်။
(၄) သစ္စာမမြဲ၊ အကျင့်လဲ၊ ပါယ်ထဲရောက်မည်ကြောက်။
(၅) လွန်ကျူးသမျှ၊ နောက်-နောင်တ၊ ရှိရမည်ကိုကြောက်။
(၆) သေနှင့်အရက်၊ လူကိုဖျက်၊ အရှက်ရမည်ကြောက်။
(၇) မင်းဂါဥစွာ၊ အနည်းသာ၊ ပြစ်ဆာရောက်မည်ကြောက်။
(၈) မဟုတ်မလျှား၊ သူလှည့်ဖြား၊ မှောက်မှားမည်ကိုခကြောက်။
(၉) ရန်သူငါးချက်၊ အခင်းဖျက်၊ သေပျက်မည်ကိုကြောက်။

www.dhammadownload.com

၁၆—ထွဋ်ခေါင်ဆရာတော်

[ကမ္မဌာန်းသံပေါက်]

၀။ သဗ္ဗေသတ္တာ၊ ဝေနေယျာ၊ သံသာရညှဉ်လှုပြီ။
၂။ အတည်ကျကျ၊ ဘယ်ဘ၀၊ ရကြမရှိပြီ။
၃။ ရအံ့နိုးနိုး၊ လောဘမျိုး၊ အကျိုးယုတ်လှုပြီ။
၄။ သုံးပါးညီးညီး၊ လောင်မီးကျီး၊ ဖိစီးလှုပြီ။
၅။ လောင်မှုန် မသိ၊ မောဟဖိ၊ မိမိမိုက်သူပြီ။
၆။ ပိုးဖလံမျိုး၊ မီးကိုတိုး၊ ကိုယ်ကျိုးနဲလှုပြီ။
၇။ ထာဝရုဏ်ပဲ့၊ သည်မိုက်မဲ၊ မခွဲနိုင်ကြပြီ။
၈။ မခဲ့ခင်နိုင်ကြ၊ လူ့ဗဟလ၊ မိုက်စသိမ်းသင့်ပြီ။
၉။ ဂင်္ဂါသဲတူ၊ ပဉ္စဲတော်မူ၊ ဆူဆူမျှားလှုပြီ။
၁၀။ မျှားအသင်္ခေ်၊ ရှင်စောထွေ၊ ရှောင်သွေလွဲခဲ့ပြီ။
၁၁။ တဆူမသင့်။ တဆူသင့်၊ ဖူးခွင့်ထိုက်လှုပြီ။
၁၂။ မတော်မလျှား၊ ကျင့်ဖောက်ပြား၊ မိုက်အားကြီးလှုပြီ။
၁၃။ အလိုမလိုက်၊ သည်အမိုက်၊ ပယ်ထိုက်သင့်လှုပြီ။
၁၄။ မပယ်မချိုး၊ ဆင်တန်းတိုး၊ ဟုတ်နိုးထင်လှုပြီ။
၁၅။ ဟုတ်နိုးသမူ၊ ထင်တိုင်းပြူ၊ ယုံတိုင်ခဲ့ပြီ။
၁၆။ ထရူးလက်လွတ်၊ ငှက်တောင်ကျတဲ့၊ ဝင့်နှင့်မကင်းပြီ။
၁၇။ မနုဿတ္တာ၊ ဒုလ္လဘာ၊ မရမျှားလေပြီ။
၁၈။ အရတော်စု၊ သည်ဘ၀၊ လှလှကျင့်ထိုက်ပြီ။
၁၉။ ကြုံကြိုက်တော်စွာ၊ သာသနာ၊ နှောင်၀ါထွန်းလှုပြီ၊
၂၀။ သတိရရှာ၊ မြတ်ပူဇော်၊ ပြုကြတောင်းသင့်ပြီ။

www.dhammadownload.com

၂၁။ တခန့ဘန့၊ နုက်ဖြန်ဇ္ဈ၊ မခမဲ့ကောင်းသင့်ပြီ။
၂၂။ ငါ့ကိုယ်ငါ့သား၊ ငါ့မယား၊ ထင်မှားလှုံ့သလဲပြီ။
၂၃။ ထင်မှားတတ်စ္ဒာ၊ သက္ကယာ၊ မိစ္ဆာကင်းသင့်ပြီ။
၂၄။ ငါးခုခန္ဓာ၊ ရုပ်နာမ်မှာ၊ မှန်စွာမှတ်သင့်ပြီ။
၂၅။ သမ္မာသန၊ ဉာဏ်အစ၊ ထင်လှုံသင့်ကြပြီ။
၂၆။ နင်နှင့်နင့်ကိုယ်၊ ဆုံးမဆို၊ နင့်ကိုယ်အမှုသည်။
၂၇။ နှလုံးဖုံဖုံ ထုံတုံထုံ၊ နှင့်ပုံခြောက်ကြမ်းသည်။
၂၈။ နင်နှင့်နှင့်ကံ၊ စီရင်ဖန်၊ အမှန်ဖြင့်ဘော့သည်။
၂၀။ ယခုနှင့်ကိုယ်၊ နှင့်အလို၊ ဘယ်သိုပြည့်စုံသည်။
၃၀။ နှင့်ကိုယ်နှင်နှစ်၊ နှင့်အပြစ်၊ နင်ဖြစ်ခံရမည်။
၃၁။ နှင့်ကိုယ်နှင့်အား၊ နဇ်မသနား၊ နင်မှားရှာတော့သည်။
၃၂။ နင်မဆုံးမ၊ နှင့်တာပ၊ ဘယ်ကခံလိမ့်မည်။
၃၃။ ဒါနသီလာ၊ ဘာဝနာ၊ နှင်သာပြုသင့်သည်။
၃၄။ ဇာတိဇံဆာ၊ မရဏာ၊ မကြာနှင့်တွေ့မည်။
၃၅။ မျက်စေတာင်တရက်၊ လျှပ်တပြက်၊ နှင့်သက်သေလိမ့်မည်။
၃၆။ ဘယ်နှစ်ဘယ်လ ဆောက်ပါမှု။ ကာသမဒ္ဓ်ပြီ။
၃၇။ ကြီးငယ်မဟူ၊ ကိုယ်ရုယ်တူ၊ ခုမှသေလှုပြီ။
၃၈။ အမှုန်သေရိုး၊ ထိုလူမျိုး၊ ကြောက်စိုးရှံသင့်ပြီ။
၃၉။ မသွင်းနှုလုံး၊ အထင်ရှုံး၊ ပျက်ပြုန်းလှုံ့လဲပြီ။
၄၀။ ခန္ဓာကြွေလျှ၊ ရိပြန်ဆေး၊ ပူဇော်လောင်လှုပြီ။
၄၁။ သွားကျိုးဆံဖြူ၊ ရှိပုနှံမူ၊ ဘယ်သူမကြောက်ပြီ။
၄၂။ ဤသည်မယား၊ ဤသည်သား၊ မိုးပုံးမှန်တော့သည်။
၄၃။ ခယာယ၊ ဘိဇ္ဇန၊ ပျက်ကြလှုံ့လဲပြီ။
၄၄။ အပိယေဟိ၊ ပိဒယဟိ၊ ဒုက္ခိုက်လဲပြီ။

www.dhammadownload.com

၄၅။ ဒုက္ခထေ့ထေ့၊ တပေပေ၊ ခံနေရလေပြီ။
၄၆။ နိဗ္ဗာန်သာခေါင်၊ ဘေးမဲ့သောင်၊ ရောက်အောင်ပြုသင့်ပြီ။
၄၇။ မပြုပါဘဲ၊ နင်ရှောင်လွဲ၊ နင်ဘဲမိုက်လှပြီ။
၄၈။ ယုတ်တိယုတ္ထာ၊ နင်ဆင်ကာ၊ နင်သာဟန်မျှားသည်။
၄၉။ ဘုရားသွားသွား၊ ကျောင်းသွားသွား၊ စိတ်ဆာနင်မကြည်။
၅၀။ ဒါနသီလာ၊ နင်ပြုကာ၊ စေတနာဇောမကြည်။
၅၁။ သို့စင်ပြုလို့၊ နင့်ကုသိုလ်၊ ဘယ်ကိုပေးလိမ့်မည်။
၅၂။ လောကုတ္တရာ၊ မြို့က်သြဇာ၊ နင်သာဓဝးလှသည်။
၅၃။ ဇောစိတ်သန်သန်၊ ကုသိုလ်မှန်၊ နင်ကြုံပြုရမည်။
၅၄။ သို့ပြုမှသာ၊ ပြည့်ခေမာ၊ နင်သာနည်းရမည်။
၅၅။ ဤသို့စုံစေ့၊ ပြန်လှန်၍၊ စေ့ဆော့နှလုံးတည်။
၅၆။ အနုမတဂ္ဂ၊ သံသာရ၊ ကြာလှကုန်လေပြီ။
၅၇။ ဂင်္ဂါဝါလု၊ ပမာပြု၊ သဲစုမကပြီ။
၅၈။ တဏှာ၏နောက်၊ တကောက်ကောက်၊ လိုက်ထောက်
မသင့်ပြီ။
၅၉။ တဏှာမြစ်မ၊ ပင်လယ်ဝ၊ နှမ်ကြလေကုန်ပြီ။
၆၀၊ တဏှာလည်းပွါး၊ ဒုက္ခများ၊ သွား၍မဆုံးပြီ။
၆၁။ တဏှာပို့တင်၊ ပယ်ခလွှင့်၊ လျင်စွာရောက်လေပြီ။
၆၂။ သေမင်းနိုင်ငံ၊ အဖန်ဖန်၊ လိုက်ပြန်ရလေပြီ။
၆၃။ ဝေဘူတာင်မျှ၊ ပမာပြု၊ အရိုးမကပြီ။
၆၄။ နစ်တုံပေါ်တုံ၊ သုံးပါးဘုံ၊ ကုံရလှသေပြီ။
၆၅။ ချမ်းသာမငဲ့၊ ဆင်းရဲတွေ့၊ ငြိုးငဲ့သင့်လှပြီ။
၆၆။ အဝီစွန္ဓ၊ သည်မောဟ၊ ညှဉ်းဆဲလှလေပြီ။
၆၇။ နိဝရဏ၊ ဆီးတားကြ၊ လမ်းစမဆုံးပြီ။

www.dhammadownload.com

၆၈။ ဂတိငါးပါး၊ ဆုံလည်နှား၊ သွားချမဆုံးပြီ။
၆၉။ ဘဝတိုင်းသေ၊ သင်းချိုင်းမြေ၊ မှားဧလေ့လေပြီ။
၇၀။ လမ်းကောက်လဲသွား၊ လူအများ၊ အမှားကြိုက်ခဲ့ပြီ။
၇၁။ လမ်းကြောင်းမမှန်၊ မြတ်နိုဗ္ဗာန်၊ ဝေးလဲခဲ့ပြီ။
၇၂။ ဘဝမဆုံး၊ ဒုက္ခတုံး၊ လုံးလုံးခံရပြီ။
၇၃။ လောဧကွေ့၊ သဗ္ဗညူ၊ ယခုရှိရက်မင်း။
၇၄။ ဘုရားဖြစ်ခါ၊ သာသနာ၊ ရောင်စဉ်တဝင်းဝင်း။
၇၅။ မနုဿတ္တာ၊ ဒုလ္လဘာ၊ ရအောင်ခဲကြမင်း။
၇၆။ ဗြဟ္မာပြည်က၊ အပ်ကိုချ၊ မြေကအပ်တစင်း။
၇၇။ အပဲသွားခြင်းသာ ထီဘုယ်ဆု ပမာမှုတ်ကြမင်း။
၇၈။ နိယျာနိကာ၊ မြတ်မဖွဲ့ ကြစားရခဲ့၏မင်း။
၇၉။ သဒ္ဓါဗလဝ၊ ဒုလ္လဘ ရအောင်ခဲကြမင်း။
၈၀။ အရှတော်ခိုက်၊ လူတသိုက်၊ ခဲလိုက်ကြ၏မင်း။
၈၁။ ကိုယ်ဘို့မရ၊ သည်နောင်တ၊ ဖြစ်ဘတ်ကြ၏မင်း။
၈၂။ ဤသို့ဘဝ၊ ဖြစ်သမျှ၊ ရမည်ခဲ၏မင်း။
၈၃။ ထူးမြတ်စွာလှ၊ လူ့ဘဝ၊ နှမြောကြကုန်မင်း။
၈၄။ မြတ်သည်ကိုမှု၊ မသိကြ၊ ဗာလနှလုံးသွင်း။
၈၅။ ဗာလဖြစ်က၊ လူ့ပါပ၊ ကြာကြကုန်ပြီမင်း။
၈၆။ လူဖြစ်ကျိုးမှု၊ မခံရ၊ ရှုံးကြလေ၏မင်း။
၈၇။ ဘဝတိုင်းရှုံး၊ လူ့ကျောက်တုံး။ စုံးစုံးမြုပ်၏မင်း။
၈၈။ စုံးစုံးမြုင်ခါ၊ ပေါ်မလာ၊ ကြမ္မာမှောက်၏မင်း။
၈၉။ နိဗ္ဗာနဲလမ်းစ၊ ဤသို့ပြု၊ မှတ်ကြနှလုံးသွင်း။
၉၀။ ဆလျာဇမိတ္တာ၊ ငဇ္ဈိတ၊ ပေါင်းဖော်ရ၏မင်း။
၉၁။ ထိုဇလျာဇ၊ ဆိုးဆုံးမ၊ လိုက်နာရ၏မင်း။

www.dhammadownload.com

၉၂။ ယောခနိသောမနာ၊ သိင်္ဂါရာ၊ နေ့ညနှလုံးသွင်း။
၉၃။ သီလဧတင်၊ ဆောက်တည်လျှင်၊ သည်တွင်အစမင်း။
၉၄။ အလောဘာ၊ အဒေါသာ၊ အမောဟာ၊ နိုက္ခမ၊ ဝိဒေတာ၊ နိဿရဏာ၊ ဤခြောက်ဝကို၊ အလိုရှိကြမင်း။
၉၅။ ဧရှပြည်သနစ်၊ သားသည်းခတ်၊ စစ်စစ်ကြကုန်မင်း။
၉၆။ ဧရှပြည်ချမ်းသာ၊ စံချင်ရှာ၊ ဆိတ်ငြိမ်ရာသို့ချဉ်း။
၉၇။ အနှစ်စကောင်၊ ဒုက္ခးတာင်၊ အနတ္တ ကာင်၊ အသုဘကောင်။ ထင်အောင်နှလုံးသွင်း။
၉၈။ အနိစ္စတုံး၊ ဒုက္ခတုံး၊ အနတ္တတုံး၊ အသုဘတုံ၊ လုံးလုံးမှတ်ကြမင်း။
၉၉။ ဤသို့ထင်မှ၊ မင်္ဂလာစ၊ ရှုမည်မှန်မှန်စင်း။
၁၀၀။ မဂ္ဂင်ဖောင်ကြီး၊ တက်၍စီးမှ၊ ပြည်ကြီးအမတာ၊ နိုးရောဓ၊ ရမည်မှတ်ကြမင်း။
၁၀၁။ ယခုဘဝ၊ မသိကြဲ၊ အမတမည်ခေါ်၊ ဧရှပြည်တော်၊ အစောမနံလျှင်း။

ကမ္မဋ္ဌာန်းသံပေါက် ပြီး၏။

www.dhammadownload.com

၁၇-ဖိုးသူတော်ညီနဲ့ စကားပုံ

မြန်ဇမ္ဗူပေါ်၊ ဥးဏ်ဃူမျော်သည်၊ သူတော်ကျန့်ပ်၊ နား၏ တန်ဆာ၊ နားဝင်သာအောင်၊ လက်ဘုဒ်ဖြင့်၊ အာလုပ်ချို့မြ၊ စကားပုံသရုပ်၊ အမျိုးထုပ်ပြီးလျှင်၊ အချုပ်ကို ပြခဲ့မည်။

ဗုဒ္ဓဆာယာကို တွယ်ရမည်၊ ယုတ်လ့တာကို ပယ်ရမည်၊ ဗုဒ္ဓဆာယာကိုဘွယ်မှ အေးမြရာသည်၊ ယုတ်လ့တာကို ပယ်မှ ဘေးပကွာလည်။

သေရည်ကို မသောက်နှင့်၊ ရေကြည်ကိုမနှောက်နှင့်၊ သေရည်ကိုးသောက်ဏ အပါယ်ဘုံသို့ ကျတတ်သည်၊ ရေကြည်ကို နှောက်ဏ အနယ်မှန်တို့ ထတတ်သည်။

ထင်တိုင်းလည်း နှိပ်ချမဆိုနှင့်၊ ဝင်တိုင်းလည်း သိပ်ချမမျိုနှင့်၊ ထင်တိုင်းနှိပ်ချဆိုက ရန်အသွယ်သွယ်ပွားတာ်သည်၊ ဝင်တိုင်းနှိပ်ချ မျိုက အန္တရာယ်များတတ်သည်။

ဂေါဏမံသံကိုလည်း မစားနှင့်၊ ကောဓခြံရံသည်၊ မပွားနှင့်၊ ဂေါဏမံသံကိုစားက မိဘသသွယ် ဖြစ်ပေသည်၊ ကောဓခြံရံပွားက အသိကရ အပါယ်နစ်ချမည်။

အယုတ်တရားကို အလိုမရှိနှင့်၊ မဟုတ်တရားကို မဆိုဘိနှင့်၊ တယုတ်ဘရားကို အလိုရှိက ဘဂဝါ၏ စကားကိုပယ်ရာကျခြမည်၊ မဟုတ်စကားကို ဆိုဘိက သမာဓိတရားတို့ ကွယ်ပရလေသည်။

မြေသလိုပုံနှင့် ကလေးကို မစနှင့်၊ လူကိုယုံသဖြင့် အကြွေးကို မချနှင့်၊ မြေသလိုပုံနှင့် ကလေးကိုစက ကလေးအမိုက်မို့ ဆဲဘတ်

www.dhammadownload.com

သည်၊ လူကိုယုံသဖြင့် အကြွေးကိုချက အာရုံးမစိုက်သမို့ မဲ့ဘတ်သည်။

အမျိုးယုတ်သူ အဆင်းလှသျှင် သတိထား။ တန်ခိုးနုပ်သူ ထမင်းဝလျှင် မကြည့်ဖဲ့းနှင့်၊ အမျိုးယုတ်သူ အဆင်းလှက ဘဝတန်တတ်သည်၊ တန်ခိုးနုပ်သူ ထမင်းဝက မာနထန်တတ်သည်။

အဟုတ်အမှန်ကိုလည်းသိမှ၊ အလုပ်အကြံကိုလည်းရှိမှ၊ အဟုတ်အမှန်ကိုသိက သံသရာဘေးပ၍ အနေကျမည်၊ အလုပ်အကြံရှိက ဆန်ရှာရေးလှ၍ အခြေကျမည်။

သူ့ဌေးလို ကြွယ်ဆင်လည်း မာန်စွယ်မထနှင့်၊ မြွေပွေးကို ငယ်သေဉ်လည်းအလမ်းမပြနှင့်၊သူ့ဌေးလို ကြွယ်သည်ဟု မာန်စွယ်ထက အရိုအသေနည်းသမို့ ပြမုန်းတတ်သည်၊ မြွေပွေးကို ငယ်သည်ဟု အလမ်းပြက ထိုးမြှဲခဲ့၍ သေဆုံးတတ်သည်။

မတော်ဘဲကို မဝယ်နှင့်၊ မခေါ်ဘဲကိုမလယ်နှင့်၊ မဒုတ်ဘဲစယ်လေက သပြာမနှုံးတတ်သည်၊ မခေါ်ဘဲကို လယ်ချက မကြာခဏ မုန်းတတ်သည်။

မဒုတ်တာကို အမြည်းမစား၊ အဘာ်မပါလျှင်ခရီးမသွား၊ မတော်တာကို မြည်းစားမိက ဘေးရလို့ ဆော့ဝါပွားတတ်သည်၊ အဘာ်မပါဘဲ ခရီးသွားက အရေးမလှသမို့ သောကများတတ်သည်။

ခရီးကိုသည်း အပြင်းမသွား၊ မိုးကိုလည်းအကြွင်းမထား၊ ခရီးကို အပြင်းသွားက မှားတတ်သည်။ မိုးကိုအကြွင်းထားက ပွားတတ်သည်။

www.dhammadownload.com

ဆရာပြောသမျှကို အပြီးမမှားလေနှင့်၊ အနာဆရဂါကို မကြီးပွားစေနှင့်၊ ဆရာပြောသမျှကို အပြီးမှားလေတ မုချမွောက်တတ်သည်။ အနာဆရဂါကို ကြီးပွားစေက ဒုက္ခရောက်တတ်သည်။

စကားစတားပြောဖန်များ၊ စတားထဲက ဇာတိပြ၍ မာနတိုးခွန် ထူတတ်သည်။ တရားတရားဟောဖန်များ တရားထဲက ပါဠိုရ၍ ဒါနအလွန်လှူတတ်သည်။

အမျိုးမြတ်မှ အရိုးကိုကြံရာသည်၊ တန်ခိုးလျပ်မှ အဘိုးတန်ပါသည်။

သံသရာလောက၊ နှစ်ဝအကျိုး၊ ပွားတိုးစေမှု၊ အာရုံပြုလျက်၊ ဦးနှုမည်ခေါ်၊ ငါသူတော်လျင်၊ နာပျော်ဘွယ်ရာ၊ ဆုံးမစကို၊ ဘကာတကာမ၊ မှတ်သားကြ၍၊ နေ့ညလေ့ကျက် ကြပါလော့။

ဖိုးသူတော် ဦးနု စကားပုံ ပြီး၏။

●

www.dhammadownload.com

၁၈-ပေါရာဏ ကထာ လက်ာ

(၁) မှတ်သိစေလို၊ သွေးချို တောင့်တ၊ ဆူရကား ရည်း၊ ဃ်းပြီး ရိုသေ၊ ရဝေကား နန်း၊ သလွန်း တန်ဆ၊ ဒီမျှ အမှာ၊ လာလာတုံသေး၊ တန်ဆေး တမန်၊ တဖန် မလျော်၊ စောကျော ဆောက်သည်၊ တလည် ပါးနီး၊ အိုးကြီး ဒေါမား၊ တော်ကာ၊ အရှင်၊ ကန်တင် မည်ရှုန်း၊ ပိတုန်း ပိလု၊ ပစ္စုဆိုရိုး၊ ပုဆိုး ဖြူခရောင်၊ အိမ်မြောင် ဟိုဘက်၊ ကြီးလျက်ရပ်ဆင်း၊ မယွင်းဘက်ကူ၊ မြန်လူ သူစိမ်း၊ ခပ်သိမ်းသွားလာ၊ နေနား တုန်လှုပ်၊ လုပ်သည်ကို ပိုး၊ ဆိုသည်ကားဥာဉ်း၊ မောင်း စစ်တလောက်၊ ရွှေမှောက် သနင်း၊ မင်းကိုဆိုမြဲ၊ သူရမ်းပဲမှု၊ သူ၏အကျင့်၊ ဝေးမြင့်လွန်လေ၊ ဆိုပေလက်ာ၊ ပျို့ကဗျာတွင်၊ မျှားစွာထုံးနည်း၊ သို့ချည်းနှင်နှင်၊ သဘောမြင်၍၊ ဥာဏ်ခွင်ရှာဖွေ၊ သိတတ်စေ။

(၂) မှတ်လော့သိသာ၊ မျှားစွာ ဥဒဟို၊ ရွှေးဆို မဆွ၊ မျှားလှခပဲ၊ သရဲ လွဲခွါ၊ ဖွဲရှာ စူးစား၊ လက်ချားပခဲလား၊ ဆိုးထွဲ ဧပါ့လျှော်၊ ကျော့ကျည်း ပျင်းရိ၊ ပလိဗောဓ၊ ကြောင့်ကြဆိုဩဋ္ဌ၊ ရောင်းလ လို့လှဲ၊ လင်းကဲဘဖြာ မကွာစပ်ကြား၊ မီးတားပရိဏား တံတိုင်းမှတ်မိ၊ သိသည် ဂိဝါရ၊ ကိုက်ထအလို၊ ဆိုသည်ဖြားယောင်း၊ အခေသောင်းမမာ၊ မြွှာ စင်းလျင်း၊ ယွင်းသည်မဟုတ်၊ နှာမြုတ်ဆိုဘီ၊ ဦးကြိုထိမူ၊ သိသည် အကုန်၊ ခုံဘိုင် ဥပြုံး၊ အိုးဖုံးစခလောင်း၊ ပုပ္ပေါင်းကာ ခြုံ၊ ပတုံလဲ၊ အကြွင်းမဲ့သည်၊ ကြုံးကြည့် အားထုဘီ၊ မှုန်ဟုတ် တွင်ကျယ်၊ ခဝယ်ညှင်း အုတ်ကြွပ်၊ ရှုံ့သွန် ကန်စီး၊ ပြုံးတီး ကြေပျက်၊ ငေါင်ကဲ့ မသာ၊ နာမှုမဆန်း၊ နွယ်လန်းနှာမောင်း၊ မြောင်း

www.dhammadownload.com

မြီး အရေမွှေး ထွေငါးနှုတ်ပွက်၊ ထက်တိုင် ခုတိုင်၊ မနိုင်ရန်သူ။ ဦးမှူမတောင်း၊ ကြောင်းအတူတူ၊ ဟူသည်တရထည်၊ ဖဲကြည်း ရှောင်ခွါ၊ ကွယ်ရာမဲ့ပဲ၊ တိုးဝင်းကျဲတီ၊ သိသည် ဝတ်ကြေး၊ မြောက်မြေပိုင်ဆန်း၊ မားကြမ်း ရောင်ရွှတ်၊ သွက်လှယ် မည်း၊ တမံ ကျိသွေး၊ စကားတို့ကို၊ မှတ်ဘိုတထွေ တက်လှစေ။

(၃) မှတ်ပေအမြဲ၊ အော်လဲလဲတိ ဆိုဘိကြိမ်များ၊ စကား ညဿုံ အကုန်အငေါင်၊ ဖူးမြင် ချက်တွေး သားရှိဟူသည်၊ မဖည် မယိမ်း၊ ကြောက်ကြိမဲ့ ကျောက်တန်၊ တောင်းမှန်း ပိတ်စပ်၊ သင့်မြတ် သရဘေး၊ ဝေးသည့်မြေခေါင်၊ သံလျင် ရှင်ပတ်၊ တည်းပတ်မြည်သံ၊ အမ်းချ အားကုတ်၊ အစုတ် ကုန်မြောက်၊ ချီးမြောက် ချီး၊ အတီး နိုဗ်တ်၊ ဒလိဒ္ဓလာ ကျန်ရာအထီး၊ ကျီးကျွဲး ချတ်လွှဲ၊ အမြဲပြုတ်တူ၊ ရမှု ကုတ်ကော်၊ သရော် ညှီစေး၊ စင်ဆေး တီးတွတ်၊ ကွန်တက် လွှင့်မြောက်၊ သအောက် သအုံ၊ မှိမှုံဆန်ဆန်၊ ရန်ကာ ဆောက်အုံ၊ အိပ်မှ မျောက်မျည်း၊ စေး ချည်းကြည်ယုံ၊ ဆုမှ ကံမြစ်၊ ရာစစ်ဆိတ်မော်၊ စောကျော်-ထောက်ချင့်၊ နွေးလင့် စိုပြန်၊ ခဲသည် ခက်လှော်၊ နံစော် အုံအောက်၊ ကောက်စာစင်း လမ်းဆို၊ မြင့်သည်ကိုင်ခါ၊ ကြည်တားကြင်နာ။ ရှင်မှာ ဖအဲ၊ ဆိုသုံးစွဲသည်၊ အမြဲတ်လေ သိတတ်စေ။

(၄) မှတ်ပေသိနိုင်၊ ဂလိုင် လိုက်ဆူ၊ ခိုးသူမောသေး၊ တောတား ပေဝန်၊ မန်းမူကော၊ သင်းချော ပွတ်တွန်း၊ အဝန်း ပတ်လည်၊ ထက်ချည် ယိုဖိတ်၊ မိတ်ကျမ်းဝင် သဟာ၊ လှေဝယ် ပဲ့စီး ထမုန်ကြီးဟု။ တယုကယင် ပြုပြင် လျောက်ပတ်၊ တန်ဆုတ် ရေစိုး၊ တနဲသို တိုင်းဘူး။ ဦးမိုက မတောင့်တပါ၊ နောင်ခါ ယခေါင်၊ ထောင်ထောင်ထား၊ ထား၊ သောစား ဆိုပြီး၊ လုံးသီး

www.dhammadownload.com

လုံးပေါ်၊ သဘောစေ့စပ်၊ အပ် ဖောထွေ၊ ခြေမနှင်းမိ၊ ဂုဏ်ရှိလေးတဲ့၊ ကွပ်ကဲ ကြီးရာ၊ ခြေမှာခပ်မိ၊ ထိသည်မယုပ်၊ သင်းချပ်တီးမှု၊ ဟူသည်အုတ်ကျက် မနှင်သည်ကို၊ ဆိုသည် သိမ်းပြီး၊ လျင်လည်း တောက်တပို၊ ထိုမှာခဏ တဒင်္ဂတည့်၊ သနို့ သနဲ့ အခဲ့အခြမ်း၊ ညီတမ်းအစေး၊ ဆိုရေးမျောက်နဲ့၊ မင်းပဲ စိုက်ထူ၊ ဟူသည်အလံ၊ ခေါ်မှုန်ထူးခြား၊ ရထား ရဲတံခွန်၊ လှုမ္ဘန် ရဲလံ။ ဆင်လံ စစ်တမဲ၊ ကဲ့လဲ့ဆိုလုပဲ၊ ဝုဘ်သည်အလံ၊ ခြားနားဟန်ကို၊ မှတ်ကြံသိထွေ တတ်လှစေ။

(၅) မှတ်လေကြံစည်၊ ဆိုမည်တဖို၊ ဖစားဖို ပဘားဆင်း၊ ချွတ်ယွင်းလည်းဟူ၊ အထူအစာင်း သင်းသီးတခြား၊ မှုဝေ နှိုးဆော်၊ ဖွဲ့နွဲ့သော်မူ၊ ပဘူပယင်၊ ရှောင်တခင် လျင်တဆော၊ မုနော အတင့်အသရေ၊ မရိုသေး၊ ပဘူပစေး၊ ဆဲနွေး ပြောက်ကြား၊ လှဲထွေတသာ၊ ဝါကျိတ် ဝက်ခုတ်၊ စည်ပုတ်လင်းကွင်း၊ ခွက်ခွင်းဆို့မြို့၊ မခို့သရို၊ ချိုသည်လို့လ၊ မြောက်မှ မြစ်အောက်၊ ဖောက်ဖောက်ပြန်ပြန်၊ မဆန်မဖိ၊ ရှုအိထိန်းထိန်း၊ စိန်လိန်းတင်းလင်း၊ ပြီးခြင်းရှုမိ၊ သိသိမြင်မြင်၊ လူတွင်ကလေးဆာလာ၊ လျင်းလျားသေးတိ၊ မရှိလေတန်၊ ဆိုပြန်တည့်ဝေး၊ အလေးအကံ။ လံပါးအင်စောက်၊ ပင်ရောက်သစ္စေး၊ ခေွးဟုဆိုရှောင်း၊ မဟောင်းနွမ်းကို၊ မမိုမရှာ၊ ဇာတခေးရှေ့ဦ၊ လက်ယဉ်သည်။ စိတ်ရည်ဆောင်းထွေ သိတတ်စေ။

ပေါရာဏ လက်ခ ပြီး၏။

●

www.dhammadownload.com

ဒုဝဒ သိင်္ဂီဆယ်စောင်တွဲ

၁၉-ပဋိစ္စသမုပ္ပါဒ်ပကိဏ္ဏက

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပဒါနံ၊ ဥပဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏံ၊ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ သဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

လယ်တီဆရာတော်ဘုရားကြီး

ပဋိစ္စသမုပ္ပါဒ် အနက်

၁။ အဝိဇ္ဇာပစ္စယာ၊ အဟုတီအမှုန် မသိမမြင် မထင်မသင်း ဟူသော အခြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်။ သင်္ခါရာ၊ ပစ္စုပ္ပန်မှ,သံသရာအမှုတို့က ပြုစုပျိုးထောင်ခြင်း ဟူသော သင်္ခါရမှု တို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ပွားကုန်၏။

၂။ သင်္ခါရပစ္စယာ၊ ပစ္စုပ္ပန်မှ-သံသရာမှုတို့ကို ပြုစုပျိုးထောင် ခြင်း ဟူသော သင်္ခါရတရား ထင်ရှားရှိနေခြင်းကြောင့်။ ဝိညာဏံ၊ ဘဝသင်္ခ် ဝိညာဉ်သစ်ဖြစ်ပေါ်မှုသည်။ သမ္ဘဝတိ၊ ဖြစ်ပွား၏။

၃။ ဝိညာဏပစ္စယာ၊ ဝိညာဉ်သစ်ဖြစ်ပေါ်မှုကြောင့်။ နာမရူပံ၊ နာမ်အစု, ရုပ်အစုသည်။ သမ္ဘဝတိ၊ ဖြစ်ပွား၏။

www.dhammadownload.com

၄။ နာမရူပ ပစ္စယာ၊ နာမ်အစု, ရုပ်အစု ဖြစ်ပွားမှုကြောင့်။ သဠာယတနံ၊ ဒွါရခြောက်မည့်, အကြည်ခြောက်ပါး, သဠာယတနဲ့ တရားစုသည်။ သမ္ဘဝတိ၊ ဖြစ်ပွား၏။

၅။ သဠာယတနပစ္စယာ၊ဒွါရခြောက်မည့်,အကြည်ခြောက်ပါး ထင်ရှားရှိခြင်းကြောင့်။ ဖဿော၊ အာရုံကို ဘွဲ့မှု ဟူသော ဖဿခြောက်ပါးသည်။ သမ္ဘဝတိ၊ ဖြစ်ပွား၏၊

၆။ ဖဿပစ္စယာ၊ ဖဿခြောက်ပါး ထင်ရှားရှိခြင်းကြောင့်။ ဝေဒနာ၊ အာရုံကိုခံစားမှု ဟူသော ဝေဒနာခြောက်ပါးသည်။ သမ္ဘဝတို့၊ ဖြစ်ပွား၏။

၇။ ဝေဒနာပစ္စယာ၊ ဝေဒနာခြောက်ပါး ထင်ရှားရှိခြင်းကြောင့်။ တဏှာ၊ ဝတ္ထုအာရုံ ကာမဂုဏ်ကို ခင်မင်တွယ်တာသော သာယာကပ်ငြိသော တဏှာခြောက်ပါးသည်။ သမ္ဘဝတိ၊ ဖြစ်ပွား၏။

၈။ တဏှာပစ္စယာ၊ တဏှာခြောက်ပါး ထင်ရှားရှိနေခြင်းကြောင့်။ ဥပဒါနံ၊ မလွတ်နိုင်, မခွာနိုင်, ပိုင်ပိုင်စေးရဲ့ အတွယ်မြဲသော ဥပါဒါန်တရားသည်။ သမ္ဘဝတိ၊ ဖြစ်ပွား၏။

၉။ ဥပဒါနပစ္စယာ၊ ဥပါဒါန်တရား ထင်ရှားရှိနေခြင်းကြောင့်။ ဘဝေါ၊ လောကီအစီးအပွား, သံသရာအစီးအပွား ဟူသော ကံဘဆုံးဝိပါဟ်တရားအစုသည်။ သမ္ဘဝတိ၊ ဖြစ်ပွား၏။

၁၀။ ဘဝပစ္စယာ၊ ပစ္စုပ္ပန်စီးပွားမှု, သံသရာစီးပွားမှု ထင်ရှားရှိနေခြင်းကြောင့်။ ဇာတိ၊ အဖန်ဖန် ပဋိသန္ဓေ နေခြင်းသည်။ သမ္ဘဝတိ၊ ဖြစ်ပွား၏။

www.dhammadownload.com

၁၀။ ဇာတိပစ္စယာ၊ ပဋိသန္ဓေနမှု ထင်ရှားရှိနေခြင်းကြောင့်။ ဇရာမရဏာ၊ အဖန်ဖန် အိုမင်းရင့်ဆွေးမှု, သေသုံးမှုသည်ရှင်း။

၁၂။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပ္ပါယာသာ၊ စိုးရိမ်ပူဆွေးမှု, ငိုကြွေးမည်တမ်းမှု, ပင်ပန်းဆင်းရဲ နှလုံးမသာယာမှု, သက်ကြီးရွိုက်ငင် ပင်ပန်းမှုတို့သည်ရှင်း။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။

၁၃။ ဧဝံ၊ ဤသို့။ ဧဆာဝလဿ၊ သုခမဘက် သက်သက်သော ဧကဿဒုက္ခန္ဓဿ၊ ဤဒုက္ခအစုတို့၏။ သမုဒယော၊ ဖြစ်ပွားခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ပဋိစ္စသမုပ္ပါဒ်အနက် ပြီး၏။

www.dhammadownload.com

လယ်တီဆရာတော်
ပဉ္စဂ္ဂါသဇာတ်လက်ာ ၁၃-မှန်
(အစိစ္စာဒါကျောင့် သခ်ါရဖြင်ပုံ)

၁—အဝိဇ္ဇာပစ္စယာ သခ်ါရော

ဗောဓိရတနား၊ ယာဉ်စကြာဖြင့်၊ သစ္စာခလးရပ်၊ လေကျွန်း ပတ်သား၊ နတ်ဝိသုဒ္ဓီ၊ တုမရှိအား၊ တြိဒ္ဓါရ၊ ရှိဉီးလျက်၊ ဘဝ သုံးပါး၊ ဟုန်းဟုန်းသွားသည်၊ ရထားသံသာ၊ ယာဉ်စကြာ၏၊ ခြင်းရာထုပ်ဂါတ်၊ သမုပ္ပါဒ်ကို၊ အတပ်သိရန်၊ နိဒါန်းပြန်ပ်မှ၊ အမှန် လေးချက်၊ သဘောအနက်ကို၊ ဖုံးဝှက်ကွယ်ကာ၊ အဝိဇ္ဇာဟူ၊ မယာတမ၊ မှောင်ကြီးကျလျက်၊ ဘုဝမြေသို့၊ ရှိန်ရှိန်အိုက်သား၊ အမိုက်မီးစာ၊ ဤခန္ဓာကို၊ တုယ်ဘာသူ၊ အကြောင်းပြု၍၊ အကုသလ၊ မှမညစ်ဆိုး၊ အပြစ်မျိုးကို၊ ကြိုးကြိုးပမ်းပမ်း၊ နေ့စဉ် ထမ်းသည်၊ ပါယ်လမ်းဗီဇ၊ အပုညန့်။ ။ဘဝနောင်ခါ၊ သံသရာ ဝယ်၊ လူ.ရွာ,နတ်ငြမ်း၊ စည်းစိမ်သွမ်းကို၊ ချမ်းသာဒုတိ၊ အထင် ငြိလျက်၊ ဂတိုးနောင်ကို၊ ကောင်းစေလိုဟူ၊ ကုသိုလ်အရိုး၊ အမျိုး မျိုးကို၊ ကြိုးကြိုးစားစား၊ ပြုတုံငြားက၊ ဆယ်ပါးပုည။ ။အာဇနဉ္ဇ-ဟူ၊ ဘဝန့်းရင်း၊ ပွားတုံလျင်းလည်း။ ။(ဝဋ်ခင်း, ဝဋ်နွယ်-ရှည်သတည်း။)

(သခ်ါရကြောင့် ဝိညာဉ်ဖြင်ပုံ)

၂—သခ်ါရ ပစ္စယာ ဝိညာဏံ

ဝဋ်ခင်း,ဝဋ်နွယ်၊ ရှည်ကြောင်းရှယ်သား၊ ဆယ်ဖြာပုည၊ အပုညန့်၊ ဘဝန့်းရင်း၊ပွားတုံလျင်းသော်။ ။လေသင်းပါယ်ရှာ၊

www.dhammadownload.com

အဖြာဖြာလျှင်၊ ပြဟ္မာ,လူ,နတ်၊ ဘုံသုံးချပ်၌၊ ဓာတ်ပဓာန၊ ပြဋ္ဌာန်းလှသား၊ ဒုဂ္ဂရသခင်၊ ခြောက်ဝိညာဉ်ဟု၊ အရှင်ဓာတ်မင်း၊ ဝေါတုံလျှင်း၍၊ ကိုယ်ဘွင်း, ကိုယ်ပြင်၊ ထုက်,ဝင်တံခါး၊ အင်ခြောက်ပါးနှင့်၌၊ အမျှားရွပ်,နှာမ်၊ အဘန်တန်လျှင်၊ ဝန်းရုံဖြိုးဖြိုး၊ အမျိုးမျိုးကို၊ အုပ်စိုးဆောင်ရွက်၊ လျှမ်းလျှမ်းတက်လျှင်၊ ထက်မြက်တေဇာ၊ သူ.ရှိန်ဝါခြကြောင့်၊ ငါငါ,သူသူ၊ လူဘဲ,နတ်ဘဲ၊ အထင်လွဲလျက်၊ ငရဲအပါယ်၊ အသွယ်သွယ်သျှင်၊ စင်္ခနွယ်ရှည်လျား၊ တမားမားသည်၊ ။(ခြောက်ပါး ဝိညာဉ်-စွမ်းရည်တည်း။)

(ဝိညာဉ်ကြောင့် နာမ်,ရုပ်ဖြစ်ပုံ)

၃—ဝိညာဏ ပစ္စယာ နာမရူပံ

ခြောက်ပါးဝိညာဉ်၊ စွမ်းရည်အင်ကြောင့်။ ။မီးဘွင်ရှိန်ဝါ၊ ထက်ကြွပါသို့၊ မကွာတူကွဲ၊ ဖြစ်ပေါ်ကြသား၊ ဖဿဒဝဒနာ၊ စေတနာနှင့်၊ သညာ,ဝိဘက်၊ ရောင်စုံယှက်သည်၊ အမျက်ကြောင့်စယ်၊ ကြိုးစုံခြယ်သို့၊ အသွယ် အသွယ်၊ အနွယ်နွယ်သျှင်၊ ဆန်းကြယ်စွာလှ၊ နံ့ဝမ်းကာယနှင့်။ ။ဘူတ-ဟူဒပါ၊ မြေ, ရေ, လေ, မီး၊ ဓာတ်ကြီးလေးဘန်၊ အာမခံလျက်၊ အရုံရှုပ်သေး၊ နှစ်ဆယ် လေးတည့်၊ ပေါင်းတွေးမျှညီ၊ အင်္ဂဒီယ၊ ရုပ်ကာယဟု၊ နာမရူပ၊ ဓမ္မအပြား၊ ဤနှစ်ပါးသည်၊ ထင်ရှားစုံစွာ၊ ပေါတုံလာ၍၊ နာနာကာယ၊ အနန္တလျှင်၊ ရူပရုပ်ဟန်၊ သဏ္ဌာန်အမှု၊ ဇာတ်မတူသည်၊ လူအရပ်ရပ်၊ နတ်အဆင့်ဆင့်၊ ရေမျိုး, ကုန်းမျိုး၊ ကောင်းဆိုး ယုတ် ညံ့၊ အကန့်ကန့်လျှင်၊ ခြားသန့်ပေါ်ယယ်၊ ဖေသောကြွယ်သည်။ ။(နှစ်သွယ် ရုပ်,နာမ်-စွမ်းရည်းတည်း။)

www.dhammadownload.com

(နာမ်ရုပ်ကြောင့် သဋ္ဌာယတနဖြစ်ပုံ)

၄-နာမရူပ ပစ္စယာ သဋ္ဌာယတနံ

ထင်ရှားစေ့စုံ၊ အပုံပုံသျှင်၊ တည်တံ့နာမ်,ရုပ်၊ ကိုယ်သမုတ်သား၊ အထုပ်အထယ်၊ ကြီး,ငယ်ကာယ၊ ပေါ်ပြန်တာလည်း။ ၊ဒုဂ္ဂ ထုဉ်မည်၊ ဖိတ်ဖိတဲလည်သည်၊ အကြည်ခြောက်မျိုး၊ ကိုယ်သုံး ဖြိုးလျက်၊ အရိုးစီစဉ်။ ။အမြင် စက္ခု၊ ကြားမှု သောဘ။ ။ ဃာန-အနံ။ ။လျှက်ရန်-ဇိဝှာ။ ။ကာယာ-တွဲဆို။ ။အသိ-မနော။ ။မဆုတ်မယုတ်၊ တလက်လက်လျှင်၊ အမျက်စိန်ရည်၊ လဲ့လဲ့ကြည်သို့။ ။ခြောက်မည်အာရုံ၊ အလုံးစုံလည်း၊ ပုံသဏ္ဌာန် ရိပ်၊ နိမိတ်အသွင်၊ အကုန်ထင်ရှိ၊ ဤ,ဤလူ၊ ဤ,နေ,လ၊ ရုပသဏ္ဌာန်၊ အသံတမျိုး၊ အခိုးလှိုင်ပျံ့၊ ရနံ့ဆိုဆို၊ အချို,အချဉ်၊ ဤလျှင်အပူ၊ ဤလျှင်အေး၊ အတွေးအသာ၊ ပြည့်စုံဘိ၍၊ ငါ၏ ဤကိုယ်၊ ငါမင်းပျိုဟု၊ အဆိုအထင်၊ အမြင်မောက်မာ၊ စိတ်နေ ကြွားဘို့၊ တံခါးခြောက်ဆင်း၊ ကိုယ်သုံးလင်းသည်။ ။(ခြောက်စင်း ဓာတ်မှန်-စွမ်းရည်တည်း။)

(သဋ္ဌာယတနကြောင့် ဖဿဖြစ်ပုံ)

၅-သဋ္ဌာယတန ပစ္စယာ ဖဿော

ဓာတ်မှန်အကြည်၊ ခြောက်မျိုးတည်တာ၊ ခြောက်မည်အာရုံ၊ အလုံးစုံလည်း၊ ပုံသဏ္ဌာန်ရိပ်၊ နိမိတ်အသွင်၊ ကိုယ်လုံးထင်လျက်၊ ဝိညာဉ်ခြောက်ဆင့်၊ ဖွားဖွားပွင့်ထ၊ နှိုင်းသင့်တူမျှ၊ ပမာပြမူ၊ သိုက်ခြစ်စက်ရှိန်၊ လက်လက်ထိန်သား၊ ဝရဇိန်သွား၊ ရွှဲရွှဲဝါးသို့၊ ခြောက်ပါးဖဿ၊ ဖြန်းဖြန်းထရှိ၊ ရသခြောက်မည်၊ အာရုံရည်ကို၊ ကြိတ်နည်းသောအား၊ တွေ့ထိခြားက၊ ဤကား ဣဋ္ဌ၊ အနိဋ္ဌနှင့်၊

www.dhammadownload.com

ဤမျှမခကောင်း၊ ဤမျှတောင်းဟု၊ အခြောင်းသွေးဆော်၊ အရေးပေါ်လျက်၊ ခြောက်ဖော်အာရုံ၊ ရသဂုဏ်ကို၊ အကုန်ပေါ်ထွက်၊ ရှုမ်းရှုမ်းတက်၍၊ မက်ဘွယ်,မုန်းဘွယ်၊ အနှုန်းခြယ်သည်။ ။

(ခြောက်သွယ်ဖယာ -စွမ်းရည်ဘည်း။)

(ဖယာခြောင့် ဝေဒနာ ဖြစ်ပုံ)

၆—ဖယာ ပစ္စယာ ဝေဒနာ

ဖယာခြောက်မည်၊ သူ့စွမ်းရည်ဖြင့်၊ ကြိုက်နည်သောအား၊ စက်ရှိန်ဝါး၍၊ ခြောက်ပါးအာရုံ၊ မြေ့မြေ့တုန်လျက်၊ ခြောက်စုံရသ၊ အနိဋ္ဌာရုံ၊ ဣဋ္ဌဟူသည်၊ အရည်မီ မီး၊ ယိုထွက်စီးသော်း ။ ခေတ်သီးခြောက်ဖြာ၊ ဝေဒနာဟု၊ ထွလာအထူး၊ ထွက်ပေါ်မြူးမြူး၍ ခြောက်ဦးရှုမ်းစည်၊ အာရုံရည်ကို၊ မည်မည်ရရ၊ ခံစံကြမှု၊ သုဘ သုဘာ၊ သာ,မသာနှင့်၊ ထွလာမျှားတောင်း၊ ကောင်း,မတောင်းလည်း၊ ဆောင်းဆောင်းငေါငေါ၊ သိသင်ပေါ်၍၊ ကောင်းသော် စိတ်ဝမ်း၊ ဖိတ်ဖိတ်လျှမ်းလျှမ်း၊ ရွှင်လန်းနှလုံး၊ စွင့်စွင့်ပြုံး၏၊ ။ မုန်းဘွယ်ခတွက၊ ခြောက်သွေ့နှမ်းညှို။ နှသုံးဆိုး၍၊ အခိုးလူလူ၊ ပွက်ပွက်ဆူမျှ၊ ပူပြူငင်၊ မရွှင်မသန်း၊ စိတ်ကုန်ခမ်း၏။ ။ ချမ်းသာသုခ၊ တခုမျှ၌၊ လောကအထူ၊ အကုန်စု၏၊ ပုပ္ပရွရွ၊ မြင်သမျှသည်း၊ သုခဘို့ချည်း၊ လုံ့လသည်း၏၊ ။အရည်းသူမြတ်၊ ပရမတ်ကို၊ ချန်လှပ်ဆား၍၊ အများလောက၊ ရှိသမျှကို၊ ဒုက္ခ ပွားမှု၊ များစွာပြုသည်။ ။(သုခဝေဒနာ—စွမ်းရည်တည်း။)

(ဝေဒနာခြောင့် တဏှာဖြစ်ပုံ)

၇—ဝေဒနာပစ္စယာ တဏှာ

သုခဝေဒနာ၊ စွမ်းရည်ဖြာသည်၊ ရသာဩဇာ၊ အစိမ့်မွန်းတာ၊ သွန်းသွန်းဆူကြွ၊ ထိုသုခ၌၊ ပိယာဟူသာ၊ အချစ်ပွား၍၊ ခြောက်ပါး

www.dhammadownload.com

ဝေဒနာ၊ မြိန်ရှက်စွာကို၊လွယ်ကာမနှေး၊ လိုတိုင်းပေးသည်၊ သူဌေး ရတနာ၊ ပမာအလား၊ ကြင်မယားနှင့်၊ ဝတ်စား ရှေ့,ငွေ၊ လယ်မြေလုပ်ခင်း၊ ထမင်းဘောဇဉ်၊ သဘင်ပွဲလမ်း၊ အခက်းခက်း တည့်၊ ပန်းမျိုးနွံသာ၊ အဖြာဖြာလျှင်၊ ရူပါရုံမှာ၊ စသည်အပျံ၊ ပဥ္စာရုံနှင့်၊ ခြောက်စုံဖဿ၊ စက္ခုစသား၊ ဒုါရခြောက်မည်၊ အကြည် အာလင်း၊ ကိုယ်တွင်းဓာတ်နှ၊ အစုစုလျှင်၊ ဗဟုဗေဒါ၊ မျှားပြားစွာ သည်။ ။ခမ္မာရုံမှာ။ ။ဏာမဝတ္ထု၊ အစုအပုံ၊ ခြောက်အာရုံ၌၊ ခုံတမင်မင်၊ ခင်တမျှားမျှား၊ နွေစဉ်ပွားချ၊ တရားအချက်၊ သဘော နုက်ကို၊ အိပ်မက်တွင်မျှ၊ မမြင်ကြဘဲ၊ ကာမထောင်သွင်း၊ ခန္ဓာ ကင်းသည်။ ။(ခြောက်သင်းတရား—စုံမ်းရည်တည်း။)

(တရားကြောင့် ဥပါဒါန်ဖြစ်ပုံ)

၀—တဏှာ ပစ္စယာဥပါဒါနံ

တဏှာခြောက်မည်၊ အရင်းတည်လျက်၊ အချည်မျှားသျှား၊ အစဉ်ပွားက၊ လေးပါးအမှန်၊ ဥပါဒါန်လည်း၊ ခန္ဓာကာယ၊ အဇ္ဈတ္တန့်၊ ကာမအာရုံ၊ အလုံးစုံ၌၊ အကုန်ဦးရင်း၊ အစဲပြင်း၏၊ အသင်းပွားမျှား၊ သားမယားက၊ စသည်ဖြာဖြာ၊ မဆုံးဆုံသား၊ ကာမဝတ္ထု၊ စဲလန်းပြုသည်၊ ကာမုပါဒါန်။ ။တဖန်ထို့ပြင်၊ မိစ္ဆာညာဉ်ဖြင့်၊ အမြင်ယွင်းဖောက်၊ အယူခမျာက်သည်၊ ခြောက် ဆယ့်နှစ်ပါး၊ ပြားသည်ဒိဋ္ဌိ။ ။တစိထိုမှ၊ ဂေါသီလကို၊ ဝင့်မှု ထုတ်တတ်၊ စဲထင်မှတ်သည်၊ သီလဗ္ဗတုပါဒါန်။ ။ခန္ဓာငါးပါး။ တဏှာအစု၊ ဓာတ်အနုကို၊ ကိုယ်ဟုစဲကပ်၊ အမြဲမှတ်သည်၊ အတ္တဝါဒုပါဒါန်။ ။အထန်အပြင်း၊ အစဲကင်း၍၊ ဝင့်ခင်း, ဝင့်နယ်၊ ဝင့်ပင်လယ်မှ၊ လွတ်ဘယ်မအား၊ တမား‌မား‌သည်။ ။ (လေးပါးဥပါဒါန်—စုံမ်းရည်တည်း။)

www.dhammadownload.com

(ညပါဒါန်ကြောင့် ဘဝဖြစ်ပုံ)

၉—ညပါဒါန ပစ္စယာ ဘာဝေါ

စွမ်းရည်ပြင်းထန်၊ ညပါဒါန်ဖြင့်၊ ခန္ဓာဓမ္မ၊ ကိုယ်ကာယဒဋ္ဌိ၊ အတ္တာအစဲ့၊ မြဲကြီးမြဲ၍၊ ရဲရဲရင့်ရင့်၊ ကိုယ့်အတွက်ကြောင့် သကဲသတ် ခိုးမှု၊ သည်ပြုလျက်၊ အကုသလ၊ ဏာမဆယ်တန်၊ အပြစ်လျှ ၏။ ။တဖန်နောက်နှောင်း၊ ငါလျှင် ငကောင်းစိမ့်၊ အကြောင်းရည်ရော်၊ အရှည်မြင်လျက်၊ သူတော်ဓလေ့၊ ရသေ ရဟန်း၊ လှူဒါန်းဝေငှ၊ ပဋိဂ်ဟုဏ်၊ အဋ္ဌကထာ၊ ဒသဂိတည့်၊ လေးလံ ပြဟ္မာ၊ ဝိဟာရစျာန်၊ ဆယ်တန်ဏာသိုဏ်း၊ အလှိုင်းမျှားစွာ၊ ဘာဝနာ ဟူ၊ ဆယ်ဖြာပူဇော၊ ကုသလကို၊ လုံ့လကြွေးစား၊ ထောင်းကျိုးပဉာ၏၊ နှစ်ပါးကုသိုလ်၊ အကုသိုလ်-ဟူ၊ ထိုထိုဘဝ၊ ဖြစ်သမျှ၌။ ဗီဇပြည့်ဖြိုး၊ အမျိုးမျိုးငကြောင့်၊ အကျိုးတရား၊ ။ အရှည်ပွားသည်။ ။ (နှစ်ပါးဘဝ—စွမ်းရည်တည်း။)

(ဘဝကြောင့် ဇာတိဖြစ်ပုံ)

၁၀—ဘဝ ပစ္စယာ ဇာတိ

ဘဝစွမ်းရေ၊ ကံနှစ်ထွေကြောင့်၊ သမ္ဘေသတ္တာ၊ သတ္တဝါတို့၊ ဖြစ်ရာဘဝ၊ ဆုံပြန်ဏလျှင်၊ ကေ့စတု၊ ငါးခုခန္ဓာ၊ ကံချရာ၌ ခဲမှတာစစ်၊ သစ်တလဲလဲ၊ အနဲနဲလျှင်၊ ဖြစ်မြဲဇာတို့၊ သန္ဓေငြိ၍၊ တြိဘုံပြင်၊ နယ်တခွင်၌၊ အစဉ်ပြည့်ပွား၊ အစားစားလျှင်၊ မားမား မတ်မတ်၊ ဇာတ်အမျိုးမျိုး၊ တန်ခိုးထင်,တိမ်၊ ဂုဏ်သိရ နိမ့်,မြင့်၊ အကျင့် ဆိုး,ကောင်း၊ အပေါင်းမျှားစွာ၊ သတ္တဝါ-ဟူ၊ နာနာ ဆာဒယ၊ ဖြစ်ပြန်ကြတည်။ ။(လေးဝဇာတို့—စွမ်းရည်တည်း။)

www.dhammadownload.com

(ဇာတိကြောင့် ဇရာမရဏဖြစ်ပုံ)

၀၁–ဇာတိ ပစ္စယာ ဇရာမရဏံ

သန္ဓေဇာတိ၊ စာဖန်ငြို၍၊ တြိဘုံသူ၊ အဆူဆူလျှင်၊ လူလူ, နတ်နတ်၊ အရပ်ရပ်တည့်၊ မတ်မက်မားမား၊ ဖြစ်ပြန်ငြားသော်၊ သုံးပါးအရွယ်၊ စ,လယ်,အဆုံး၊ ရှိမြဲထုံးဖြင့်၊ အနှုန်းစဉ်စီ၊ သန္ဓေခြိုက၊ နာရီစဉ်သင့်၊ အဆင့်ဆင့်လျှင်၊ ရင့်မြဲရော်မြဲ၊ တသဲသဲဘည့်၊ မစဲနေ့ည၊ တရှဲရှဲလျှင်၊ ခဏသန္တတိ၊ အဂိုဇရာ၊ နှစ်ဖြာလောင်မီး၊ ရှိန်ရှိန်ညီး၍၊ အကြီး,အငယ်၊ အရွယ်ခြားနား၊ အစားစားလျှင်၊ အသွေးတွင်တွင်၊ မစဲနှင်၏။ ။လေးအင်သေမှု၊ တခုခုလည်း၊ ဗဟုအန္တရာယ်၊ အသွယ်သွယ်နှင့်၊ နှိုးနှယ်ရုံးစည်း၊ တလုံးတည်းလျှင်၊ ကြီးကြီး,ငယ်ငယ်၊ အရွယ်မထောက်၊ အချိန်ရောက်က၊ ချုပ်ပျောက်ခန္ဓာ၊ မငြင်းသာသည်။ ။(ဇရာမရဏ–စွမ်းရည်တည်း။)

(ဇာတိကြောင့် သောတ စသည်တို့ဖြစ်ပုံ)

၀၂–သောကပရိဒေဝ ဒုက္ခဒေါမနဿု ပါယာသာ သမ္ဘဝန္တိ

သန္ဓေဘာတိ၊ ခန္ဓာရှိက၊ ဥာတိ, ဘောဂ၊ စသည်သင်းပင်း၊ ကွေကွင်းခြင်းနှင့်၊ မတင်းစသာ၊ ကြုံကြိုက်လာသော်၊ ပူဆာသောထာ။ ။ယူတဝိုကြွေး၊ သက်မွေး ဝန်ထမ်း၊ ပူ, ချမ်းဒုက္ခ၊ အနိဋ္ဌကြောင့်၊ စိတ်ကမကြွေ့။ ။မဆည်ငင်ရှိုက်၊ အလိုက်သလဲ့၊ ဆင်းရဲငါးပါး၊ အကျဉ်အားထည့်၊ ကျယ်ပွားအနန္တ၊ တွေ့ကြုံရသည်။ ။(မူလဇာတ်-အနှုန်းတည်း။)

www.dhammadownload.com


၃၂၆ သီဟိဠဆယ်စောင်တွဲ

(ဒုက္ခသက်သက်ဖြစ်ပုံ)

၁၃-စေမေတာ္သ တေဝလာ္သ ဒုက္ခက္ခန္ဓာ္သ သမုဒယော ဟောတိ

စင်္သံသရာ၊ ရှည်မင်းစ္ဆဒ္ဒ၊ သူ့ငါကစ၊ ဖြစ်သမျှတာဂး၊ သတ္တ မဟုတ်၊ ဓာတ်မှန်ထုတ်သော်၊ နာမ်,ရုပ်နှစ်သင်း၊ အမြင်လင်းလော့၊ အရင်းအဝိဇ္ဇာ၊ ထိုမှဖြာ၍၊ ဇာတမရဏ၊ အဆုံးကျသည်၊ ဓမ္မအပြား၊ ဆယ် နှစ်ပါးကို၊ ဤကာယလူပင်၊ ဤလျှင်နတ်ဘဲ၊ အထင်လွဲလျက်၊ တဝဲလည်လည်၊ ဝဋ်ဆွဲယ်စည်၏၊ ရှည်လေသမျှ၊ အနန္တကာဂး၊ သုခ-ဟူသည်၊ မြူမျှမကွက်၊ အဆက်ဆက်လျှင်၊ သက်သာဒုက္ခ၊ ဓာတ်မှန် ရသည်။ ။(ဘဝဤကိုယ်-ဖြစ်ထုံးတည်း။)

ပဋိစ္စသမုပ္ပါဒ်လက်ဝ ၁၃-ပုဒ် ပြီး၏။



www.dhammadownload.com

သမ္ဘုဇ္ဈေ ဘုရားရှိခိုးပဌာန်အနက်

သမ္ဘုဇ္ဈေ အဋ္ဌဝီသဉ္စ၊ ဒ္ဝါဒသဉ္စ သဟာသဏေ၊
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ၊
အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ၊
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ၊
နမက္ကာဆု နုဘာဝေန၊ ဟိတ္ဝာ သဗ္ဗေ ဥပဒ္ဒဝေ၊
အနေက အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

အဋ္ဌဝီသံ၊ သုံ ပါးဘဝ သုံးလောက၌ ဥာဏ်ရောင်ဖိတ် ၉ အာင် ဘိတ်သိုက်ဖြင့် နှစ်ကျိပ်ရှစ်ဆူကုန်သော။ သမ္ဘုဇ္ဈေစ၊ သစ္စာလေးလီ ခိုင်နှင်းဆီကို သွင်မှိုဆင်ယင် အာနိသင်ကြောင့် ပလွှင်အောင်ချာ မြဘ်ခန်းဝါ၌ ဥေယျာဉသုံ အလုံးစုံကို လွှန်ခြုံပိုင်းခြား စောဘုရား တို့ကိုဂုဏ်း။ ဒ္ဝါဒသဉ္စ သဟာသဏေ၊ သုံးပါးဘဝ သုံးလောတွင် ဥာဏ်ရောင်ဖိတ် ၉ အာင်ဘိသိက်ဒေပါင်း တဒေသာင်းနှစ်ထောင်ကုန်သော်။ သမ္ဘုဇ္ဈေစ၊ နေရောင်ပမာ ဥာဏ်ရောင်ဝါနှင့် တူစွာမယွင်းပေါင်းမိခြင်းကြောင့် အဆင်းဝေဖြာပန်းရှေကြာလို တေဇာပဉ်လင်းတရားမင်းကိုဂုဏ်း။ ပဉ္စသတသဟာသနိ၊ သုံးပါးဘဝ သုံးလောထွင် ဥာဏ်ရောင်ဟိန်း ငါးသိန်းကုန်သော။ သမ္ဘုဇ္ဈေစ၊ သဗ္ဗညု ဥာဏ် ဆုကြီးပန်လျက် ရည်သန်ကာလ နိယတဟု ဗျာကရဏသင်းကြိုင်မြပန်းခိုင်ကို လှမ်းကိုင်ပန်းရ ယင်းကစ၍ ဘဝများစွာ သံသရာဝယ် ထာမသုခ ကိလမနှင့် နှစ်ဝပွါးငုတ်တရားယုတ်ကိုပယ်ခုတ်ဆွန်းပြောင် မြတ်ဘုန်းခေါင်တို့ကိုဂုဏ်း။ အဟံ၊ ဘုရား တပည့်ခံတော်သည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ

www.dhammadownload.com

အာရုံစောပိုက် မနောခိုက်လျက် နှစ်ခြိုက်ကြည်သာ ရှိခိုးပါ၏ အရှင်မြတ်ဘုရား။

ဝါဠုကာ ဂင်္ဂါ ဂင်္ဂါမြစ်ထဲ ကျောက်သလဲတို့သည်။ အပွကာ၊ နည်းလှပေကုန်၏။ နိဗ္ဗုတာ၊ ပရိနိဗ္ဗာန် စံလွန်တော်မူကြကုန်သော။ ဇိနာ၊ ငါးမာရ်အောင်မြင် ဘုရား ရှင်တို့သည်။ အနန္တာ၊ အတိုင်းမသိ များလှဘိကုန်၏။ တေသံ၊ ထိုဘုရားရှင်တို့၏။ ဓမ္မဥ္စ၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မကွန်ပရိယတ် ဆယ်ပါးသောတရားတော်မြတ်ကိုဂုဏ်း။ သံဃဥ္စ၊ တပည့်သားကျော် သံဃာတော်ဟု ထွန်းပေါ်လောင်းမြတ် အပေါင်းနတ်ကိုဂုဏ်း။ အဟံ၊ ဘုရားတပည့်တော်သည်။ အာဒရေန၊ ရိုသေလှုပ္ပဒါ စေတနာဖြင့်။ နမာမိ၊ ဘေးရန်ကင်းပ လိုတိုင်းရအောင် ဦးချဝန်ခံနာ ရှိခိုးပါ၏ အရှင်မြတ်ဘုရား။

နမက္ကာရာနုဘာဝေန၊ ရဘနာမြတ်သုံးပါးအာနုဘော်ကို ဆည်းတော်ရော်ရေ၌ ပူဇော်မြတ်နိုး ရှိခိုးကြောင်းစေတနာ၏ သတ္တိခြိန်စော်အာနုဘော်ကြောင့်။ သဗ္ဗေ၊ ကြွင်းမဲ့ညဿုံ အလုံးစုံကုန်သော။ ဥပဒ္ဒဝေ၊ တဆယ့်ခြောက်ဝ ဘေးရန်ဟူသမျှတို့ကို။ ဟိတ္ဝာ၊ ရှင်း ရှင်းမသွေ ကင်းပျောက်စေ၍။ အနေကာအန္တရာယာပိ၊ တပါးမကများလှ သောင်းသောင်း အန္တရာယ် အပေါင်းတို့သည်လည်း။ အသေသတော၊ အကြွင်းအကျန်မရှိသောအားဖြင့်။ ဝိနာသန္တု၊ ပမာပုံသွင်း နေထိန့်ငင်းသို့ ရှင်းရှင်းမသွေ ကင်းပျောက်ပါစေကုန်သတည်း။

သမ္မာဒ္ဓေ ဘုရားရှိခိုး ပါဋ္ဌအနက် ပြီး၏။

www.dhammadownload.com

လယ်တီဆရာတော်

ဒုနှစ်နေ့ ဘုရားရှိခိုး

၁—ဗဇိသန္ဓေယူသည့်နေ့

သုံးလူ့ရှင်ပင်၊ ကျွန်ထိပ်ဘင်၊
သောင်းခွင်စကြာဝဠာ၊ နတ်ဗြဟ္မာတို့၊
ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊
ရတုနုဂြိုဟ်၊ ရွှန်းရွှန်းစိုသည်၊
(ဝါဆိုလပြည့်၊ ကြက်မင်းနေ့ဝယ်)၊
ချမ်းမြေ့ကြည်ဖြူ၊ သဇန္ဓယူသည်၊
နတ်လူငြိမ်းသို့၊ ကိန်းပါကိုး။

၂—ဖွားတော်မူသည့်နေ့

သဇန္ဓယူခါ၊ ဆယ်လကြာသော်၊
မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြုံ၊
(ကဆုန်လပြည့်၊ သောကြာနေ့ဝယ်)၊
ချမ်းမြေ့စုံခြိ၊ လုဗ္ဘိနိဗ္ဗာ၊
မဟီသိုက်ဆူ၊ ဖွားတော်မူသည်၊
နတ်လူအောင်မျိုး၊ လမ်းပါကိုး။

www.dhammadownload.com

၃—တောထွက်သောနေ့

ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊
ပျိုနုနယ်၌၊ သုံးသုဿဂ်ရှေနှန်း၊
သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊
ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊
ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊
လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊
ရွေဒိတ်တဖုံ၊ သံဝေထုံကာ၊
(ကဆုန်လခြေ့၊ ကျွဲးမင်းနေ့ဝယ်)၊
ချမ်းမြေ့ရာဂုံ၊ ဘောရပ်လှံသည်၊
စုံမြိုင်ပင်ရိပ်ခန်းမှာကိုး။

၄—ဘုရားဖြစ်တော်မူသည့်နေ့

တောရပ်မြို့ခပါ၊ ခြောက်နှစ်ပျော်၍၊
ခါးတော်တဖုံ၊ ပွင့်ချိန်ကြုံက၊
(ကဆုန်လခြေ့၊ ဆင်မင်းနေ့ဝယ်)၊
မြေ့ပရမေ၊ ပလ္လင်ဗေဒိဿက်၊
ရှေးညောင်တော်ကြီး၊ ဗိဘာန်ထီးနှင့်၊
မငြိုးကြည်ဖြူ၊ နေတော်မူလျက်၊
ရနံ့မြူခပင်း၊ အမိုက်သင်းကို၊
အရှင်းပယ်ဖျောက်၊ အလင်းပေါက်ကာ၊
သဋ္ဌန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်၊
သုံးဘော်လူတို့၊ ငြိမ်းပါကိုး။

www.dhammadownload.com

၅–စမ္မစကြာဟောတော်မူသောနေ့

ဘုရားဖြစ်ခါ၊ မိဂဒါသို့၊
စကြာရွှေဘွား၊ ဖြန့်ချီသွား၍၊
ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊
မဟီတသောင်း၊ တိုက်အပေါင်းမှ၊
ခညောင်းထပ်လာ၊ နတ်ဗြဟ္မာအား၊
(ဝါဆိုလပြေ့၊ ၈နေ့နေ့ဝယ်)၊
ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊
မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊
တရားနတ်စည်၊ ရွှမ်းတယ်ကိုး။

၆–ပရိနိဗ္ဗာန်စံတော်မူသောနေ့

တရားနတ်စည်၊ ဆော်ရွှမ်းသည်က၊
သုံးမည်ဘုံသို့က်၊ တသောင်းတိုက်ဝယ်၊
ကျွတ်ထိုက်သသူ၊ နတ်,လူ,ဗြဟ္မာ၊
သတ္တဝါကို၊ ခေမာသေဘဲသို့၊
ဖောင်ကူတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊
ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊
စုံပြည့်ကြွယ်က၊ ရာ့လေးဆယ့်ရှစ်၊
သက္ကရာဇ်ဝယ်၊ နယ်မလွှာတိုင်း၊
စံနှိုင်းမယုတ်၊ ကုသိန္နာရုံ၊
အင်ကြင်းစုံ၌၊ (ကဆုန်လပြေ့၊
အင်္ဂါနေ့ဝယ်)၊ ချမ်းမြေ့နိဗ္ဗုတ်၊ စံတော်မူသည်၊
ဓုန်းဆူသောင်းလုံး၊ ကျော်တယ်ကိုး။

www.dhammadownload.com

၇--တေဇောခေတ်လောင်သည့်နေ့

နိဗ္ဗူးစံပြီ၊ ရှုမအိသား၊
သိဒ္ဓိရွှေလျှော်၊ အလောင်းတော်ကို၊
ထိုရောဲ့ ကဆုန်၊ လဆုတ် ကြုံ၍၊
ဂဠုန်နေ့ဝယ်၊ ခိုးငှဲ့မနှာ၊
ခတ်တေဇောလျှင်၊ ရှင်စောဉာဏ်စက်၊
ဓိဋ္ဌာန်ချက်ကြောင့်၊ လျှံတက်ကောင်းရောင်၊
မီးပူဇော်သည်၊
မွေ့ဘော်ရှစ်စိတ်၊ ကြွင်းတယ်ကိုး။

ထိုခုနစ်နေ့၊ သာချမ်းမြေ့ကို၊
ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူလျက်၊
သုံးလူတို့နှင့်၊ မြတ်ထက်မြတ်သား၊
အထွတ်ခေါင်ဖျား၊ ကိုယ်တော်ဘုရားကို၊
သုံးပါးမှန်စွာ၊ ဝန္ဒနာဖြင့်၊
သဒ္ဓါဖြိုးဖြိုး၊ ကျွန်ုပ်ခိုးသည်၊
ကောင်းကျိုးခပ်သိမ်း၊ ကြွယ်စေသော်။

(ခုနစ်နေ့ ဘုရာရှိခိုး ပြီး၏။)

www.dhammadownload.com

အာနန္ဒာငါးပါး ဘုရားဂုဏ်

ပဋိဂ္ဂဏော အာနန္ဒောဟု၊ ကျော်စောထင်ရှား၊ သုံးပါးရပ်သူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသာခေါ်၊ နိဗ္ဗာန်သောင်သို့၊ ရွေးဖောင်မဂ္ဂင်၊ သင်္ဘောယာဉ်ဖြင့်၊ တယ်တင်ဆောင်ယူ၊ ပို့တော်မူသည်။ နတ် လူ တို့ ထိပ်ပန်း၊ ရဟန်းတို့ဆရာ၊ အစိန္တေယျဟု၊ အာနန္ဒာဂုဏ်အင်၊ ကျေးဇူးရှင်ကို။ ဒေါ်၊ အာကျန့်ပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။

မမ္မဂုဏော အာနန္ဒောဟု၊ တည်ဩဇာမွှာ၊ သတ္တဝါလူနတ်၊ အထပ်ထပ်ကို၊ လေးမြတဲ့ကြင်နာ၊ အဝိဇ္ဇာနှင့်၊ တဏှာသံယော၊ ကိလေတောမှု၊ ဆေးခါကြာသုတ်သင်၊ မြူမတင်အောင်၊ ရှောင်ကြဉ်ပေတတ်၊ တရားမြတ်ကို။ ဒေါ်၊ အာကျန့်ပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။

သံဃံဂုဏော အာနန္ဒောဟု၊ လောဘ,ဒေါသ,မောဟတင်းကွာ၊ တဏှာတာဝေ၊ ကိလေသနှင့်၊ ရာဝဏအမိုက်၊ နှစ်ခြိုက်မပျော်၊ မမွေ့လျော်ဘဲ၊ ရှင်တော်ဟောကြား၊ မြတ်တရားကို၊ မှတ်သားကြည်ညို၊ မဂ်ဖိုလ်နိဗ္ဗာန်၊ ရောက်ကြောင်းမှန်သည်၊ မြတ်မုန်ထေရ်ကျော်၊ သံဃာဘော်တို့၊ ဂုဏ်တော်ကြီးငှာ၊ အာနန္ဒာကို။ ဒေါ်၊ အာကျန့်ပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။

မာတာပိတုဂုဏော အာနန္ဒောဟု၊ အပြောကျယ်ဝန့်၊ သံသရာဝယ်၊ မာတာ ပ်ထား၊ မိန္ဒ်ဘတွဲ၊ ရေကြည်တလလ၊ တည်ဦးစ,က ချီချဉ်ပူစပ်၊ ရှင်းရှင်းပြတ်အောင်၊ မပြတ် ယုယ၊ မိဘတို့မှာ၊ စိုးရိမ်စွာဖြင့်၊ အစာဆိမ့်အေား၊ နို့ချိုပေး၍၊ ကျေးသည့် မ်ခင်၊ မေ့ဘရှင်ကို။ ဒေါ်၊ အာကျန့်ပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။

www.dhammadownload.com

အာစရိယဂုဏော အနန္တောဟု၊ မိန့်ဟောအရ၊ ကောက်ယူပြသော်၊ နယနည်းနာ၊ အဖြာဖြာကို၊ လိမ္မာစေကြောင်း၊ ဧတ္တာလောင်းရှိ၊ မကောင်းကိုကြဉ်၊ ကောင်းဆုယှဉ်လျက်၊ နှုတ်မြွက်သံချို၊ ဆုံးမဆိုသား၊ အဟိုမျှားဌဝ၊ သံသရာဝယ်၊ သုံးသွယ်သောကပ်၊ လေးရပ်အပါယ်၊ ရှစ်သွယ်ရပ်ပြစ်၊ ဆိုးညစ်ယုတ်မာ၊ အဖြာဖြာကို၊ ခေမာဘူမို၊ ဘေးမရှိအောင်၊ နိဗ္ဗာန်သောင်သို့၊ ရောက်အောင်ပြည့်နှံ၊ သွန်သင်ပေတတ်၊ ဆရာမြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။

၁။ ဆွမ်းတော်ကပ်ကျွေးရန်

အရဟာတာဒိ နဝဂုဏောဟိ၊ အရဟံ အစ္ဆိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံသော်မူသော။ နံဂထံ၊ လူနတ်တို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော။ ပဋိဂ္ဂဏှာတု၊ သက်တော် ထင်ရှားသပ္ပဲညု၊ မြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ စေတိယဿ၊ စေတီတော်မြတ်အား။ ဝန္တာဂန္ဓရသ သမ္ပန္နံ၊ အဆင်း,အနံ့,အရသာနှင့်ပြည့်စုံသော။ ဣမံ ပိဏ္ဍပါတ ခါဒနီယ ဘောဇနီယံ၊ ဤဆွမ်းခဲဘွယ်ဘောဇဉ် အရသာကို။ ဒေမိ၊ ကပ်လှူပါ၏။ မေ၊ အကျွန်ုပ်၏။ ဣဒံပုညံ၊ ဤကောင်းမှုသည်။ အာသဝက္ခယံ၊ အသဝေါဘရားလေးပါးတို့၏ ကုန်ရာကုန်ကြောင်း ဖြစ်သော မဂ်ဉာဏ်,ဖိုလ်ဉာဏ်နိဗ္ဗာန်ကို။ ဝဟံ၊ ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

www.dhammadownload.com

၂။ ရကပ်ဂျိုရန်

အရဟာတာဒိ နဝဂုဏေဟိ၊ အရဟံ အစ္စရိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော်မူသော၊ နာထံ၊ လူနတ်တို့၏ ကိုးကွယ်ချုပ်စေတော်မူသော၊ ဒုဇ္ဇံ၊ သက်တော်ထင်ရှားသဗ္ဗညုမြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ စေတိယဿ၊ စေတီတော်မြတ်အား။ ဝန္ဒာဂန္ဓရဿ သမ္ပဒံ၊ ဖူဆင်း, အနံ, အရသာနှင့် ပြည့်စုံသော။ ဤမံ ပါနီယံ၊ ဤသောက်တော်ရေ, သုံးဆောင်တော်ရေကို။ ဒေါ်၊ ကျွန်လျှာ၏။ မေ၊ အကျွန်ုပ်၏။ ဤဒံပူဇံ၊ ဤပူဇော်မှုသည်။ အာသဝကွယ်ံ၊ အာသဝေါတရား လေးပါးတို့၏ ကုန်ရာ ကုန်ကြောင်း ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို။ ဝဟံ၊ ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၃။ ပန်းပူဇော်ကပ်ဂျိုရန်

ဤမံပုပ္ပံ၊ ဤပန်းကို။ ပူဇေမိ၊ ပူဇော်ပါ၏။

(ဤမျှသာ ထူသည်။ ဆုမ်းကပ်၊ ရေချမ်းကပ်အတိုင်း ပူဇော်ကပ်လျှူပါလေ)

၄။ ဆီမီးပူဇော်ရန်

ဤမံဒီပဇာလံ၊ ဤဆီမီးအလျှံကို။ ပူဇေမိ၊ ပူဇော်ပါ၏။

(ဤမျှသာ ထူးသည်။ ဆုမ်းကပ်၊ ရေချမ်းကပ်၊ ပန်းတပ်အတိုင်း ပူဇော်ပါလေ)

www.dhammadownload.com

၅။ ရေစက်ချ အမျှဝေစာတမ်း

ဤသို့ပြုရ၊ မြတ်ပုညကို၊ ကြိုးထမြှင့်ခေါင်၊ မြင့်မိုရ်ဇာတောင်ဦး၊ မကကျူးသား၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့်၊ ဘခင်တို့အား၊ ရင်ငြားပါစေ၊ အမျှဝေ၏၊ မသွေနိစ္စ၊ ဤတာယကို၊ စောင့်ထပေလတ်၊ ကိုယ်စောင့်နတ်လည်း၊ မလပ်စေရ၊ ပေးဝေင့်၏၊ မိတ္တဒေဆည်ဘ၊ ဆရာသမား၊ ဘိုးဘွားတစု၊ ယမရာဇာ၊ ဒေဝါယက္ခ၊ ဂုဏ်ဘုမ္မာ၊ အာဇာသနတ်၊ အထူးမှတ်၍၊ အမြတ်ပုည၊ ကုသလကို၊ ရင်ကြပါစေ၊ အမျှဝေ၏၊ သပ္ပေသတ္တာ၊ သတ္တစဝါဟု၊ နာနာလောက၊ အနန္တတွင်၊ မပြတ်စဉ်ကာ၊ သတ္တဝါသ၊ ဘုံကိုးဝန်ဝ်၊ ဝိညာဏဌိတိ ခုနှစ်ပါး၊ မျိုးစွာလုံးစုံ ဘုံသုံးဆဲ့တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျအား၊ အမျှကုသိုလ်၊ ပေးဝေလို၏၊ ထိုကုသလ၊ ဤပုညကို၊ အမျှရကြသည် ဖြစ်စေသော်ဝ်။ အယံဝသုန္ဓရီ၊ ဤ မဟာ ပထဝီ မြေကြီးသည်၊ သက္ခီဋ္ဌဒေန၊ သက်သေအရာ၌၊ တိဋ္ဌတု၊ တည်စေသော်ဝ်။

အမျှဝေ စာတမ်း ပြီးပြီး။

